# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ မှတ်(၁၁၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

**သွေးချင်းတို့ရဲ့ သစ္စာပန်းတိုင်နှင့် ခေတ်မီဖွံ့ဖြိုးသော အနာဂတ်ဆီသို့ . . .** ဆောင်းပါး စာ ၆

**မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးမျိုးပြင်ဆင်ဆောင်ရွက်ထားရှိပေမယ့်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ယနေ့အထိ ပြန်လည်ဝင်ရောက်မှုမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသက နေရပ်စွန့်ခွာသူတွေကို ၎င်းတို့ရဲ့ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာပါက ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွေကို အဆင်ပြေချောမွေ့စွာ လက်ခံဆောင်ရွက်ပေးနိုင်ရေး အသင့်ပြင်ဆင်ထားရှိပါကြောင်း ပြောကြားလိုပါတယ်** တွေ့ဆုံမေးမြန်း စာ ၈



**တူရကီယဲနိုင်ငံမှ ဆီးရီးယားသို့ ၂၇၃ ဒသမ ၄ ဘီလီယံ ဒေါ်လာတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့** နိုင်ငံတကာသတင်း စာ ၁၄




## ဟသ်ာတမြို့နယ်၌ မြေလှန်ခွဲ မြေလှန်ပြုပြင်ခြင်း လက်တွေ့သရုပ်ပြ

**ဟသ်ာတ ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ မြေလှန်ခွဲကိရိယာ( Subsoiler )ဖြင့် မြေလှန်ပြုပြင်ခြင်း လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့ ရွာသာကုန်းအုပ်စု ညောင်ပင်ဈေးရပ်ရှိ ကွင်းအမှတ် ၁၄၃၂၊ ဦးပိုင်အမှတ် ၄၂၊ တောင်သူ ဒေါ်ခင်ခင်ဆွေ၏ လယ်မြေ နှစ်ဧက၌ ကျင်းပသည်။

သရုပ်ပြပွဲအခမ်းအနားတွင် ဟသ်ာတမြို့ အမှတ်(၂) အလတ်စားစက်ပြင်အလုပ်ရုံ၊ အလုပ်ရုံမှူး ဦးပြည့်ဖြိုးဝေထွန်းက Subsoiler (မြေလှန်ခွဲကိရိယာ)၏ အသုံးပြုပုံနှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ❖

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ အနိမ့်ဆုံးအပူချိန်များ

(၂၃-၁-၂၀၂၆)

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၂.၃ | ၃၆.၁ |
| ဟဲဟိုးမြို့ | ၃.၀ | ၃၇.၄ |
| လွိုင်လင်မြို့ | ၅.၀ | ၄၁.၀ |
| ပင်လောင်းမြို့ | ၅.၈ | ၄၂.၄ |
| တီးတိန်မြို့ | ၆.၀ | ၄၂.၈ |
| လားရှိုးမြို့ | ၆.၇ | ၄၄.၁ |
| သီပေါမြို့ | ၇.၅ | ၄၅.၅ |
| မိုးညှင်းမြို့ | ၈.၄ | ၄၇.၁ |




## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)
**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၂ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )
**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသက်ဝင်းအောင် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဗိုလ်ချုပ် မင်းသူ | ပြည်ထဲရေးဝန်ကြီးဌာန |
| (၃) | ဦးသွင်အောင် | စက်မှုဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ရေချိုပုစွန် သားဖောက်မွေးမြူရာတွင် ဇီဝလုံခြုံရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေချိုပုစွန်ထုတ်လုပ်မှုတိုးမြှင့်ခြင်းစီမံကိန်းစတင်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် "ရေချိုပုစွန် သားဖောက်မွေးမြူရာတွင် ဇီဝလုံခြုံရေးအစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် ရေချိုပုစွန်ထုတ်လုပ်မှု တိုးမြှင့်ခြင်း" စီမံကိန်းစတင်ခြင်းနှင့် ပုစွန်မွေးမြူသည့် အဖွဲ့အစည်းများ၊ ဆက်စပ်လုပ်ငန်းဌာနများပူးပေါင်းဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာနိုင်ငံတွင် ပုစွန်မွေးမြူရေးဧရိယာဧက စုစုပေါင်း တစ်သိန်းတစ်သောင်းသုံးထောင်ကျော် ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် ရေချိုပုစွန်မွေးကန်ဧရိယာ ဧကငါးထောင်ကျော်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ ရေချိုပုစွန်သားဖောက်ရုံများရှိသကဲ့သို့ အသားတိုးသီးသန့်မွေးမြူနည်းစနစ် (Mono culture)၊ ငါးပုစွန်ရောနှောမွေးမြူနည်းစနစ် (Poly Culture) ဖြင့် မွေးမြူလျက်ရှိကြောင်း။

ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေးစနစ် အားနည်းခြင်းကြောင့် ရောဂါကျရောက်ခြင်း၊ မျိုးများ သွေးနီးမျိုးစပ်ခြင်းများဖြစ်ပေါ်ပြီး သားပေါက်အထွက်နှုန်း ကျဆင်းခြင်းများတွေ့ရှိရကြောင်း၊ ရေငန်ပုစွန်များ၌ White Spot Disease၊ ရေချိုပုစွန်၌ White Tail Disease တို့သည် ပုစွန်မွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးအတွက် အဟန့်အတားတစ်ရပ်ဖြစ်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရေငန်ပုစွန် (ကျားပုစွန်) နှင့် ရေချိုပုစွန်တုပ်ကြီး သားပေါက်ခြင်းလုပ်ငန်း၌ ရောဂါကျရောက်မှုများကြောင့် ဆုံးရှုံးနစ်နာမှုများ၊ ပြည်တွင်း၌ သားပေါက်ထုတ်လုပ်နိုင်မှုနည်းပါးလျက်ရှိသဖြင့် သားပေါက်ရှင်သန်မှုကောင်းမွန်စေရန် အစိုးရနှင့် ပုဂ္ဂလိက ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။

ယခုစီမံကိန်းသည် ပုစွန်မွေးမြူရေးလုပ်ငန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရရှိနိုင်သကဲ့သို့ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းနှင့်ဆက်စပ်နေသောဌာနများအတွက် သုတေသနများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် ပုစွန်မွေးမြူရေးလုပ်ငန်းတိုးတက်ရန်အတွက် ကဏ္ဍအလိုက် ချိတ်ဆက်ပြီး သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရရှိလာမည့် သုတေသနရလဒ်၊ နည်းပညာများကို ဖြန့်ဖြူးပေးခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများနှင့် စီးပွားဖြစ် မွေးမြူထုတ်လုပ်သူများက ပုစွန်ရောဂါကျရောက်ပျံ့နှံ့မှုမရှိရေးအတွက် ဇီဝလုံခြုံရေးကောင်းစွာလိုက်နာကျင့်သုံးမွေးမြူခြင်းတို့ကို ဆောင်ရွက်ပေးကြပြီး ပုစွန်မွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်ရခြင်းနှင့် စီမံကိန်းလုပ်ငန်းအစီအစဉ်ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပုစွန်မွေးမြူသည့် အဖွဲ့အစည်းများ၊ ဆက်စပ်လုပ်ငန်းဌာနများပူးပေါင်း ဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြိုင်က သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ် မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများ ပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရောလုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ် အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာအသီးသီးတွင်ထောက်ခံပွဲများ ပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ် ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသားအမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အား သုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသား ပြောဆိုကြပါရန်။

**သတင်းအဖွဲ့**

❖ *ရှေ့ဖုံးမှ*

ထို့နောက် subsoiler နှင့် လက်တွေ့သရုပ်ပြ မောင်းနှင်ခြင်းများ ဆောင်ရွက်ခဲ့ရာ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်းက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး၊ အမှတ်(၂)အလတ်စားစက်ပြင်အလုပ်ရုံ အလုပ်ရုံမှူး ဦးပြည့်ဖြိုးဝေထွန်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုတင်နှင့် မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် တောင်သူ ၂၀၀ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှဦးဆောင်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်တွင် ငါးရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊



MSME များသည် နိုင်ငံ့စီးပွားရေး၏ အခြေခံအင်အားစုဖြစ်သည့်အပြင် ပြည်တွင်းအလုပ်အကိုင်ဖန်တီးမှု၊ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းတိုးတက်ရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း။

ပြပွဲနှင့် ဈေးရောင်းပွဲတော်မှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME ထုတ်ကုန်များကို စုစည်းပြသနိုင်ခြင်း၊ စားသုံးသူများနှင့် တိုက်ရိုက်တွေ့ဆုံနိုင်ခြင်း၊ ဈေးကွက်တိုးချဲ့နိုင်ခြင်းနှင့် အပြန်အလှန် လေ့လာသင်ယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးပြီးဖြစ်ကြောင်း၊ ကျင်းပရေးဗဟိုကော်မတီ အနေဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း။

စက်မှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အေဂျင်စီများနှင့် ပူးပေါင်းချိတ်ဆက်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ် ပြခန်းများအပါအဝင် ပြခန်းပေါင်း ၁၀၁ ခန်းခန့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များအားလုံးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲ(နေပြည်တော်) ဆောင်ရွက်ရမည့် အခြေအနေကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME ထုတ်ကုန်ပြပွဲကို နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေကို ရှင်းလင်းပြောကြားပြီး ကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာသည့် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီဥက္ကဋ္ဌများက ပြခန်းများခင်းကျင်းပြသမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ တက်ရောက်အားပေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၃**

(၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အားကစားပွဲတော်အဖြစ် ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်၍ပြိုင်ပွဲဝင်အားကစားသမားများကိုအားပေးဂုဏ်ပြုသည်။



ပြည်ထောင်စုဝန်ကြီး သည် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အားကစားနည်းအလိုက် ဆပ်ကော်မတီဝင်များနှင့် တိုက်ကွမ်ဒိုဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေ ၄ နာရီတွင် တက်ရောက်အားပေးကြည့်ရှုပြီး အနိုင်ရအားကစားသမားများကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငြိမ်းချမ်းသာယာခရိုင် ဘော်လီဘောခန်းမ၌ကျင်းပသည့် (အမျိုးသား/အမျိုးသမီး) ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ သွားရောက်အားပေးချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီး သည် အားကစားပွဲများသို့ တက်ရောက်အားပေးရာတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံကို မြှင့်တင်ခြင်း၊ လူငယ်များအတွက် ကျန်းမာသန်စွမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် အားကစားစိတ်ဓာတ်များ ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ အားကစားပွဲများ စဉ်ဆက်မပြတ်ကျင်းပသင့်ကြောင်း အကြံပြုပြောကြားသည်။

ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပွဲများတွင် တိုင်းရင်းသားလူမျိုးများ၊ ကျေးရွာများနှင့် အဖွဲ့အစည်းပေါင်းစုံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြည်နယ်အတွင်း ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေးနှင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်အသုံးပြုမှုများပြားလာခြင်းနှင့်အတူ မော်တော်ယာဉ်များ မီးလောင်ကျွမ်းမှုဖြစ်စဉ်များလည်း ပေါ်ပေါက်လျက်ရှိပါသည်။ မော်တော်ယာဉ်မီးလောင်မှုဖြစ်စဉ်များတွင် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဆောင်ထားသည့် ယာဉ်များသည် အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သည့်အတွက် မီးလောင်ဆုံးရှုံးမှုတန်ဖိုးနည်းပါးခဲ့ကြောင်း စိစစ်တွေ့ရှိရသောကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များတွင် Saloon, Jeep, Pick up, Station Wagon, Micro Bus တို့တွင် 1 Kg တစ်လုံး၊ Mini Bus, Light Truck, Light Van တို့တွင် 2 Kg တစ်လုံး၊ Truck, Van, Container Carrier, Other တို့တွင် 3 Kg တစ်လုံး၊ Tanker, City Bus, Express Bus တို့တွင် 3 Kg နှစ်လုံး တပ်ဆင်ပါရှိရန် ညွှန်ကြားချက်ထုတ်ပြန်၍ မော်တော်ယာဉ်များ သက်တမ်းတိုးယာဉ်စစ်ဆေးရာတွင် ယာဉ်နှင့်အတူပါရှိစေရေး ဆောင်ရွက်စေခဲ့ပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၈ တွင် “မော်တော်ယာဉ်တွင် သက်တမ်းရှိသော မီးသတ်ဆေးဘူး ထားရှိရမည်ဖြစ်ပြီး အစဉ်အမြဲ ကောင်းမွန်စွာအသုံးပြုနိုင်ရမည်။ မော်တော်ယာဉ်အမျိုးအစားအလိုက် ထားရှိရမည့် မီးသတ်ဆေးဘူး၏ အမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်တို့သည် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ မီးသတ်ဆေးဘူးများတွင် ထုတ်လုပ်သူ၏ စံနှုန်းသတ်မှတ်ချက်များ ထင်ရှားစွာဖော်ပြထားပြီး အလွယ်တကူ အသုံးပြုနိုင်သောနေရာတွင် ထားရှိရမည်” ဟု ထည့်သွင်းဖော်ပြ၍ လိုက်နာဆောင်ရွက်စေလျက်ရှိပါသည်။

၂။ ယခုအခါ ပုဂ္ဂလိကဂျာနယ်အချို့နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် မော်တော်ယာဉ်သက်တမ်းတိုးယာဉ်စစ်ဆေးရာ၌ မီးသတ်ဆေးဘူးပါရှိစေရေး ဆောင်ရွက်နေခြင်းသည် ပြည်သူများ အခက်အခဲဖြစ်ပေါ်စေရန်ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရေးသားဖော်ပြလျက်ရှိပါသည်။ မော်တော်ယာဉ်များ သက်တမ်းတိုးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် Kg အလိုက် မီးသတ်ဆေးဘူးပါရှိစေရေးသည် ဤဦးစီးဌာနအနေဖြင့် ယခုအချိန်မှဆောင်ရွက်ခြင်းမဟုတ်ဘဲ ၂၀၁၄ ခုနှစ်၊ မေလကတည်းက စစ်ဆေးဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းနှင့် ပြည်သူများ၏ မော်တော်ယာဉ်များ မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ်(၂) အပိုင်း(၂) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ်(၂) အပိုင်း (၂) ( Diploma in International Financial Reporting Standards – Dip IFRS) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရာတွင်လည်းကောင်း၊ အများပြည်သူအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ (Public Interest Entities) နှင့် နိုင်ငံပိုင်ကဏ္ဍအဖွဲ့အစည်းများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ လိုက်နာရေးဆွဲထုတ်ပြန်ရာတွင်လည်းကောင်း၊ စာရင်းစံဆိုင်ရာအသိပညာ ဗဟုသုတများ သိရှိနားလည်သည့် စာရင်းပညာတတ်ကျွမ်းသူ နိုင်ငံ့ဝန်ထမ်းများ တိုးပွားများပြားလာစေရန် ရည်ရွယ်၍ ယခုသင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

သင်တန်းတက်ရောက်ခြင်းဖြင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရေးဆွဲခြင်းဖြင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး စီမံခန့်ခွဲသူများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများ ခွဲဝေသုံးစွဲရာတွင် ပိုမိုထိရောက်ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်လာနိုင်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများရှိလာခြင်း စသည့် ကောင်းမွန်သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုအခြေအနေကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေပြီး အကျိုးကျေးဇူးများစွာရရှိစေမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ယူလေ့လာမှတ်သားခဲ့သည့် သင်ခန်းစာများကို မိမိတို့လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချရန်၊ စာရင်းပညာ ပိုမိုပြန့်ပွားစေရေးအတွက် မိမိသိရှိထားသည့် အသိပညာဗဟုသုတများကို ပြန်လည်မျှဝေပေးကြစေလိုကြောင်း၊ ယခုသင်တန်းအောင်မြင်ပြီးပါက အပိုင်း (၃) သင်တန်းသို့ ဆက်လက်တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာရရှိစေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာနမှ သင်တန်းသူ မသွယ်သွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ခုနစ်ဦး၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၆ ခုမှ သင်တန်းသား ၂၂ ဦး စုစုပေါင်းသင်တန်းသား ၂၉ ဦး တက်ရောက်ပြီးမြောက်ခဲ့ပြီး အပိုင်း (၃) အထိ အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ငွေတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ မိသားစုထမနဲထိုးပြိုင်ပွဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၆ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ မိသားစုထမနဲထိုးပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၇)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထမနဲထိုးပြိုင်ပွဲကို နေပြည်တော် ရုံးအမှတ် (၁၇) ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများပါဝင်သည့် အသင်း သုံးသင်းစီဖြင့် စုစုပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ထမနဲထိုးယှဉ်ပြိုင်နေမှုကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကာ ပြိုင်ပွဲအတွက် အကဲဖြတ် အမှတ်ပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ဝန်ထမ်းရေးရာဦးစီးဌာနမှ ပြိုင်ပွဲဝင်အသင်း သုံးသင်းကိုလည်းကောင်း၊ အဖွဲ့ဝင်များနှင့် အမြဲတမ်းအတွင်းဝန်တို့က နှစ်သိမ့်ဆုရရှိသည့်အသင်းများကိုလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)သို့ လာရောက်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၂၃**

ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီမှ Ms. Vohila N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် ညပိုင်းတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms. Yusti Erina ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင်လည်းကောင်း ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Dr. Chheng Kimlong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်ချောင်းမြို့နယ်၌ သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများအား ကြိုတင်ဆန္ဒမဲ အိမ်တိုင်ရာရောက်ကောက်ခံ

**သရက်ချောင်း ဇန်နဝါရီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)အဖြစ် ဇန်နဝါရီ ၂၅ ရက်တွင်ကျင်းပမည်ဖြစ်ရာ သက်ကြီးရွယ်အိုများနှင့် နာမကျန်းဖြစ်နေသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကြိုတင်ဆန္ဒမဲလာရောက်မပေးနိုင်သူများထံ သွားရောက်၍ ကြိုတင်ဆန္ဒမဲများ အိမ်တိုင်ရာရောက်ကောက်ခံခြင်းများကို ယနေ့ နံနက် ၁၀နာရီက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲများကောက်ခံရာတွင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံစောင့်ကြည့်ရေးအဖွဲ့ဝင်များပါဝင်သော အဖွဲ့များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မဲရုံသို့လာရောက်ဆန္ဒမဲပေးရန် အခက်အခဲရှိသည့် သက်ကြီးဘိုးဘွားမဲဆန္ဒရှင်များနှင့် နာမကျန်းဖြစ်သူများ စသည့်မဲဆန္ဒရှင်ပြည်သူများအား ကျန်းမာရေးနှင့်အညီ လုံခြုံဘေးကင်းစွာ ဆန္ဒမဲပေးနိုင်မည့် အခွင့်အရေးများရရှိရန် ကြိုတင်ဆန္ဒမဲကောက်ခံခြင်းကို အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သွေးချင်းတို့ရဲ့ သစ္စာပန်းတိုင်နှင့် ခေတ်မီဖွံ့ဖြိုးသော အနာဂတ်ဆီသို့ ...

**လွန်းပိုးအိမ်**

> **“ (၇၉)နှစ်တာ ကာလပတ်လုံး ထိန်းသိမ်းခဲ့သော ညီညွတ်ခြင်းစိတ်ဓာတ်သည် ယခုအခါတွင် လက်တွေ့ကျသောညီညွတ်ခြင်းနှင့် လူမှုစီးပွားဘဝတိုးတက်မှုအဖြစ် အသွင်ပြောင်းရန် လိုအပ်နေပြီ ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှုနှင့် အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြေခံလိုအပ်ချက်များကို သွေးချင်းညီနောင်များအားလုံး တန်းတူညီမျှခံစားနိုင်ရန်အတွက် အတူတကွ ရုန်းကန်ကြရပါမည်။ တစ်ဦး၏အောင်မြင်မှုကို တစ်ဦးက ဝမ်းမြောက်စွာ ထောက်ခံအားပေးပြီး အခက်အခဲရှိသောဒေသများကိုလည်း ဝိုင်းဝန်းကူညီသည့်မိသားစုစိတ်ဓာတ်ကို လက်တွေ့ဖော်ဆောင်ခြင်းဖြင့် ခိုင်မာသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည် ”**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ရုပ်ဝတ္ထုပစ္စည်းများ ပြည့်စုံမှုထက် တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအကြား ထားရှိသည့် ခိုင်မာသောသစ္စာတရားနှင့် အပြန်အလှန် ယုံကြည်မှုသည်သာ အခြေခံအကျဆုံးနှင့် တန်ဖိုးအရှိဆုံး အုတ်မြစ်ဖြစ်ပါသည်။ မိမိတို့မျှော်မှန်းသည့် အနာဂတ်ပန်းတိုင်သည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း၏ အင်အားဖြင့်မဟုတ်ဘဲ စုပေါင်းသစ္စာပြုထားသည့် ညီညွတ်ခြင်းအင်အားဖြင့်သာ ပုံဖော်ရမည်ဖြစ်ပြီး ထိုအင်အားသည်ပင် နိုင်ငံတော်ကို အေးချမ်းသာယာသော လမ်းပြမြေပုံထက်သို့ ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

အမှန်စင်စစ် ဤသစ္စာတရားသည် ယနေ့မှ အသစ်တစ်ဖန် မွေးဖွားလာခြင်းမဟုတ်ဘဲ လွန်ခဲ့သော (၇၉)နှစ်ခန့်က ပင်လုံမြေတွင် တိုင်းရင်းသား ညီအစ်ကိုများ စုပေါင်းပြီး ရေးထိုးခဲ့သည့် ကတိကဝတ်မှာ သမိုင်းမှတ်တမ်းတစ်ခုထက်မက နှလုံးသားထဲတွင် ယနေ့တိုင် ရှင်သန်နေဆဲဖြစ်သော အနှစ်သာရပင် ဖြစ်ပါသည်။

ထိုစဉ်က ပြသခဲ့သော စည်းလုံးညီညွတ်မှုစိတ်ဓာတ်သည် မြေပြန့်တောင်ပေါ် မခွဲခြားဘဲ မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးလိုသည့် ပြင်းပြသောဆန္ဒမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးအပေါ်တွင် ထားရှိသည့် သစ္စာတရား၊ အတူတကွ လက်တွဲရုန်းထွက်လိုသည့် ကြိုးစားအားထုတ်မှုများနှင့် စုပေါင်းအင်အားတို့သည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် ဂုဏ်သိက္ခာအတွက် အုတ်မြစ်ဖြစ်ခဲ့ပါသည်။ ယနေ့အချိန်တွင် ထိုအုတ်မြစ်ကို အခြေခံပြီး ပိုမိုခိုင်မာကာ ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် မိမိတို့၏ နှလုံးသားထဲတွင် ပင်လုံစိတ်ဓာတ်ကို အသစ်တစ်ဖန် ပြန်လည်နိုးထစေရမည်ဖြစ်ပါသည်။

## ပင်လုံစိတ်ဓာတ်မှသည် နိုင်ငံတော်တည်ဆောက်ရေးဆီသို့

လွန်ခဲ့သော (၇၉)နှစ်က ဘိုးဘွားများလက်မှတ်ရေးထိုးခဲ့ကြသည်မှာ စက္ကူစာရွက်ပေါ်တွင် စာသားများ ရေးထိုးခဲ့ခြင်းမဟုတ်ဘဲ ယုံကြည်မှုနှင့် အနာဂတ်ကို ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က ခေါင်းဆောင်များသည် ကိုယ့်အကျိုးထက် နိုင်ငံ့အကျိုးကို ရှေ့တန်းတင်ကာ ခက်ခဲလှသည့် အတားအဆီးများကို စည်းလုံးမှုဖြင့် ကျော်ဖြတ်ခဲ့ကြသည်။ ယနေ့ခေတ် မျိုးဆက်သစ်များအနေဖြင့် ထိုအားမာန်များကို အတုယူကာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးလာစေရန် စုပေါင်းအားဖြင့် ပြန်လည်တည်ဆောက်ကြရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

## ခေတ်နှင့်အညီ ပြောင်းလဲရမည့်အမြင်သစ်

ယနေ့ကမ္ဘာကြီးသည် စတုတ္ထမြောက် စက်မှုတော်လှန်ရေးနှင့်အတူ ဒစ်ဂျစ်တယ်နည်းပညာ၊ အသိပညာနှင့် စီးပွားရေးကဏ္ဍများတွင် မကြုံစဖူးသော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေပါသည်။ နိုင်ငံတကာသည် သိပ္ပံနှင့်နည်းပညာ၏ အကျိုးကျေးဇူးကို ခံစားပြီး လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးမှုကို အဓိကထား၍ အောင်မြင်မှုပန်းတိုင်များဆီသို့ လှမ်းတက်နေကြပြီဖြစ်သည်။ တိုင်းရင်းသားသွေးချင်းများအနေဖြင့်လည်း ယခင်ကထက် ပိုမိုတက်ကြွသောစိတ်ဓာတ်ဖြင့် ဤပြိုင်ပွဲတွင် ပါဝင်ကြရပါမည်။ (၇၉)နှစ်တိုင်တိုင် ထိန်းသိမ်းလာခဲ့သော စည်းလုံးညီညွတ်မှုသည် ယခုအခါတွင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရုံသာမကဘဲ ခေတ်မီပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသောတိုးတက်မှုကို ဖော်ဆောင်ရမည်ဖြစ်ပါသည်။

## လုပ်ဆောင်ရမည့် ကြိုးစားအားထုတ်မှုများ

နိုင်ငံတစ်နိုင်ငံ တိုးတက်အောင်မြင်ရန်အတွက် စိတ်ကူးယဉ်ရုံဖြင့် မလုံလောက်ဘဲ စနစ်တကျရှိသော ကြိုးစားအားထုတ်မှုများ လိုအပ်ပါသည်။ သွေးချင်းညီနောင်များသည် တောင်ပေါ်မြေပြန့်အနှံ့တွင်ရှိနေသော သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များကို စုစည်းပြီး အကောင်းဆုံး အသုံးချတတ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် လူငယ်မျိုးဆက်သစ်များအတွက် ဖန်တီးမှု အားကောင်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း၊ အသိပညာဗဟုသုတများ ဖလှယ်ခြင်းနှင့် ဒေသအသီးသီး၏ အားသာချက်များကို ချိတ်ဆက်ပြီး စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ခြင်းသည် နိုင်ငံတော်တိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်။ တိုးတက်နေသော နိုင်ငံတကာ၏ ခြေလှမ်းများကိုလေ့လာပြီး ကိုယ်ပိုင်ဟန်ဖြင့် ပိုမိုမြန်ဆန်သော ခုန်ပျံကျော်လွှားမှုများကို ဖန်တီးကြရပါမည်။

## သစ္စာတရားနှင့် ညီညွတ်ခြင်း၏ အသီးအပွင့်

သွေးချင်းတို့၏ သစ္စာပန်းနှင့် ပွင့်လန်းစေသူများဟူသည်မှာ အပြန်အလှန်ယုံကြည်မှုကို တန်ဖိုးထားသူများဖြစ်ကြပါသည်။ သစ္စာတရားသည် နိုင်ငံတော်အပေါ်ထားရှိသော သစ္စာဖြစ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦးအပေါ်ထားရှိသော ကတိကဝတ်လည်းဖြစ်ပါသည်။ ဘိုးဘွားများထားရှိခဲ့သည့် စည်းလုံးခြင်းအမွေကို ပိုမိုလှပသောပန်းတိုင်များဖြင့် ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ညီညွတ်မှုရှိလျှင် မကျော်လွှားနိုင်သော အခက်အခဲဟူသည် မရှိကြောင်း သမိုင်းက သက်သေပြခဲ့ပြီးဖြစ်သကဲ့သို့ ယခုအခါတွင်လည်း ထိုညီညွတ်မှုဖြင့်ပင် ဆင်းရဲမွဲတေမှု၊ နောက်ကျကျန်မှုနှင့် သဘောထားကွဲလွဲမှုများကို တိုက်ဖျက်ကာ သာယာဝပြောသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရပါမည်။

## နည်းပညာနှင့် အသိပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ခြင်း

မျက်မှောက်ကာလ၏ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော နည်းပညာတော်လှန်ရေးသည် သွေးချင်းများအတွက် စိန်ခေါ်မှုဖြစ်သကဲ့သို့ အခွင့်အလမ်းကြီးတစ်ခုလည်းဖြစ်ပါသည်။ နိုင်ငံတကာတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဉာဏ်ရည်တုနည်းပညာများက လူနေမှုဘဝကို ပြောင်းလဲပေးနေချိန်၌ တိုင်းရင်းသားလူငယ်များအနေဖြင့် ခေတ်မီအတတ်ပညာရပ်များကို လက်လှမ်းမီနိုင်ရန် လူသားအရင်းအမြစ်များကို မြှင့်တင်ပေးခြင်း၊ တီထွင်ဖန်တီးမှုရှိသော ပညာရေးစနစ်ကို အားပေးခြင်းနှင့် ကမ္ဘာ့အဆင့်မြင့်နည်းပညာများကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပေါင်းစပ်အသုံးချခြင်းတို့သည် နိုင်ငံကို နောက်ကျကျန်နေမှုဘဝမှ ရုန်းထွက်စေမည့် အင်ဂျင်စက်များပင် ဖြစ်ပါသည်။

## ဒေသအသီးသီး၏ အားသာချက်များကို ပေါင်းစပ်ထုတ်လုပ်ခြင်း

နိုင်ငံ၏တည်နေရာနှင့် သဘာဝပတ်ဝန်းကျင်သည် ကမ္ဘာပေါ်တွင် အားကျဖွယ်ကောင်းသော အနေအထားတွင်ရှိနေပါသည်။ တောင်ပေါ်ဒေသ၏ သယံဇာတနှင့် အေးမြသောရာသီဥတု၊ မြေပြန့်ဒေသ၏ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးအချက်အချာကျမှုတို့ကို စနစ်တကျ ချိတ်ဆက်နိုင်မည်ဆိုပါက တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။ သွေးချင်းညီနောင်များကြား စီးပွားရေးအရ အပြန်အလှန် အမှီသဟဲပြုမှုများကို ခိုင်မာအောင်တည်ဆောက်ပြီး ဒေသထွက်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်သည်အထိ ကြိုးစားအားထုတ်ကြရပါမည်။ ဤသို့သော စီးပွားရေးဆိုင်ရာ စည်းလုံးညီညွတ်မှုသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် တိုးတက်မှုကို အာမခံနိုင်မည်ဖြစ်ပါသည်။

## စည်းလုံးညီညွတ်မှု၏ ပြယုဂ်ဖြစ်သော လူမှုစီးပွားဘဝ မြှင့်တင်ရေး

(၇၉)နှစ်တာ ကာလပတ်လုံး ထိန်းသိမ်းခဲ့သော ညီညွတ်ခြင်းစိတ်ဓာတ်သည် ယခုအခါတွင် လက်တွေ့ကျသောညီညွတ်ခြင်းနှင့် လူမှုစီးပွားဘဝ တိုးတက်မှုအဖြစ် အသွင်ပြောင်းရန် လိုအပ်နေပြီဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှုနှင့် အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြေခံလိုအပ်ချက်များကို သွေးချင်းညီနောင်များအားလုံး တန်းတူညီမျှခံစားနိုင်ရန်အတွက် အတူတကွ ရုန်းကန်ကြရပါမည်။ တစ်ဦး၏ အောင်မြင်မှုကို တစ်ဦးက ဝမ်းမြောက်စွာ ထောက်ခံအားပေးပြီး အခက်အခဲရှိသော ဒေသများကိုလည်း ဝိုင်းဝန်းကူညီသည့် မိသားစုစိတ်ဓာတ်ကို လက်တွေ့ဖော်ဆောင်ခြင်းဖြင့် ခိုင်မာသောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

## မျိုးဆက်သစ်တို့အတွက် ခေတ်မီသောအမွေအနှစ်ကို ထုဆစ်ခြင်း

ဤသို့ဖြင့် အတိတ်က ဘိုးဘွားများထားရစ်ခဲ့သော စည်းလုံးခြင်းအမွေကို ဂုဏ်ယူဝင့်ကြွားစွာ ဆုပ်ကိုင်ထားသကဲ့သို့ နောင်လာနောက်သားများအတွက်လည်း ပိုမိုကောင်းမွန်သော အနာဂတ်အမွေကို ချန်ထားရစ်ခဲ့ရပါမည်။ ထိုအမွေသည် စာအုပ်ထဲက စာသားများသာမဟုတ်ဘဲ အဆင့်မြင့်သော ပညာရေးကျောင်းများ၊ ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်နှင့် ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်သည့် ဂုဏ်သိက္ခာများဖြစ်ရပါမည်။ သွေးချင်းတို့၏ သစ္စာပန်းများသည် ယနေ့ခေတ်၏ ကြိုးစားအားထုတ်မှုရေစင်များဖြင့် လန်းဆန်းနေစေရန်နှင့် တိုးတက်အောင်မြင်မှုအသီးအပွင့်များကို မျိုးဆက်သစ်များ လက်ဝယ်အရောက် ပေးအပ်နိုင်ရန်အတွက် ယနေ့အချိန်မှစ၍ မနားမနေချီတက်ကြိုးပမ်းကြရပါမည်။

ဆိုရပါလျှင် (၇၉)နှစ်တိုင်ခဲ့ပြီဖြစ်သော ပင်လုံ၏ ကတိသစ္စာဆိုသည်မှာ ခေတ်ဟောင်းက ကျန်ရစ်ခဲ့သည့် အမှတ်အသားတစ်ခုမျှသာမဟုတ်ဘဲ ခေတ်သစ်ကို တည်ဆောက်မည့်မျိုးဆက်သစ်တို့အတွက် မီးရှူးတန်ဆောင်ပင်ဖြစ်သည်။ သွေးချင်းတို့၏ သစ္စာဆိုမှုသည် နှလုံးသားချင်းထိတွေ့ခဲ့သော ပေါင်းစည်းမှုဖြစ်သည့် အားလျော်စွာ ထိုသစ္စာတရားကိုလက်ဆင့်ကမ်းသယ်ဆောင်ခြင်းသည်ပင် သွေးချင်းတို့ရဲ့ သစ္စာပန်းတိုင်သို့ တက်လှမ်းခြင်းဖြစ်သည်။

တောင်တန်းမြေပြန့်ခွဲခြားမှုမရှိဘဲ ရိုင်းပင်းကူညီမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် တည်ဆောက်ထားသည့် ခိုင်မာဆုံးသော ကျောက်စာတိုင်တစ်ခုကို နှလုံးသားထဲတွင် စိုက်ထူထားကြရမည်ဖြစ်သည်။ ဤသစ္စာတရား၏ အရှိန်အဝါသည်သာလျှင် ပြည်ထောင်စုကြီးကို မည်သည့်အခါမျှ ဖျက်ဆီး၍ မရနိုင်သော စည်းလုံးခြင်းခံတပ်ကြီးအဖြစ် ရပ်တည်စေမည်ဖြစ်သည်။ ဤကဲ့သို့ ခိုင်မြဲသောသစ္စာတရားကို အခြေခံလျက် စည်းလုံးခြင်းအင်အားဖြင့် ရှေ့ဆက်ကြမည်ဆိုပါက မိမိတို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးသောအနာဂတ်ဆီသို့ ရောက်ရှိလာမည်မှာ အမှန်ပင်ဖြစ်သည်။

အတိတ်၏ အမွေအနှစ်ကိုဂုဏ်ယူရင်း ပစ္စုပ္ပန်၏စိန်ခေါ်မှုများကို စုပေါင်းတွန်းလှန်ကာ နည်းပညာနှင့်အသိပညာတို့ဖြင့်ထွန်းလင်းသော နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။ တစ်သွေးတည်း တစ်သားတည်းကျသော သွေးချင်းတို့၏ စုပေါင်းအားမာန်ဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်ပြီး ငြိမ်းချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးသော ပြည်ထောင်စုကြီးဆီသို့ ယုံကြည်ချက်အပြည့်ဖြင့် အတူတကွ ချီတက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **တောင်တန်းမြေပြန့်ခွဲခြားမှုမရှိဘဲ ရိုင်းပင်းကူညီမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် တည်ဆောက်ထားသည့်ခိုင်မာဆုံးသော ကျောက်စာတိုင်တစ်ခုကို နှလုံးသားထဲတွင် စိုက်ထူထားကြရမည်ဖြစ်သည်။ ဤသစ္စာတရား၏ အရှိန်အဝါသည်သာလျှင် ပြည်ထောင်စုကြီးကို မည်သည့်အခါမျှ ဖျက်ဆီး၍မရနိုင်သော စည်းလုံးခြင်းခံတပ်ကြီး အဖြစ် ရပ်တည်စေမည်ဖြစ်သည်။ ဤကဲ့သို့ ခိုင်မြဲသော သစ္စာတရားကို အခြေခံလျက် စည်းလုံးခြင်းအင်အားဖြင့် ရှေ့ဆက်ကြမည်ဆိုပါက မိမိတို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးသောအနာဂတ်ဆီသို့ ရောက်ရှိလာမည်မှာ အမှန်ပင်ဖြစ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲ အပိုင်း(၃)ကို မြို့နယ် (၈) မြို့နယ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲပေးစက်များနှင့် ဆန္ဒမဲပုံးများ သယ်ယူပို့ဆောင်ရေးတွင် သတ်မှတ်နည်းလမ်းများအတိုင်း စနစ်တကျ သယ်ယူပို့ဆောင်သွားရမည်ဖြစ်ပြီး ဆန္ဒမဲပေးခြင်းပြီးဆုံးပါက သက်ဆိုင်ရာမဲရုံများရှိ ပစ္စည်းများအားလုံး သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်သို့ ရောက်ရှိစေရေး အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံတာဝန်ကျဝန်ထမ်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် အခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီးက ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များကိုလည်းကောင်း၊ တိုင်းမှူးက နယ်မြေဒေသဆိုင်ရာ လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရွေးကောက်ပွဲအရာရှိက အပိုင်း(၃)တွင် ကျင်းပမည့် မဲရုံများအလိုက် မဲပေးစက်များ ဖြန့်ခွဲပေးသွားမည့်အခြေအနေကို လည်းကောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့် မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု အခြေအနေကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာ မဲရုံများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း အေးချမ်းစွာ ဆန္ဒမဲလာရောက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားသည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပဆောင်ရွက်မည့် မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များကို အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု (ယူရီးယားဓာတ်မြေဩဇာနှင့်လယ်ယာသုံးစက်မောင်းဆီ)များ ပေးအပ်

**မုံရွာ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် သွင်းအားစု(ယူရီးယားဓာတ်မြေဩဇာနှင့် လယ်ယာသုံး စက်မောင်းဆီ)များ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

သွင်းအားစု ပေးအပ်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မိမိတို့ဌာနများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအခြေအနေများကိုရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ ဒေသခံတောင်သူ ၄၀၀ အတွက် သွင်းအားစု (ယူရီယားဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်မောင်းဆီ) များ ပေးအပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ အဆိုပါရုံးဝင်းအတွင်း၌ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ ဒေသခံတောင်သူ ၄၀၀ ကို လယ်ယာသုံး စက်မောင်းဆီများနှင့် စားသုံးဆီများ ခွဲဝေဖြန့်ဖြူးပေးနေမှုများကို လိုက်လံကြည့်ရှုသည်။




မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး (၅/၂၀၂၆) သို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ တိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်သိန်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ လုပ်ငန်းများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆားလင်းကြီးမြို့နယ်နှင့် ကနီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက Video Conferencing ဖြင့် လုပ်ငန်းများ ကြိုတင်စီမံပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ ဝန်ကြီးဌာနများအလိုက် ပူးပေါင်း ဆောင်ရွက်သွားမည့် လုပ်ငန်း အခြေအနေများကို ဖြည့်စွက်ဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ၏ ၂၀၂၆ ခုနှစ် စာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့တွင် တက္ကသိုလ် "ရွှေရတု" ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာပါမောက္ခ/ဌာနမှူးများက ဆုချီးမြှင့်ကြသည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားယဉ်ကျေးမှုအကများ၊ ခေတ်ပေါ်အကများ၊ တေးသရုပ်ဖော်များ၊ တေးသီချင်းသီဆိုဖျော်ဖြေမှုများ တင်ဆက်ကြပြီး King and Queen Selection ပြိုင်ပွဲနှင့် Smile Contest ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုချီးမြှင့်သည်။




အခမ်းအနားသို့ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိတ်ဖက်ဆေးနှင့် နီးနွယ်တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြပြီး နိုင်ငံကျော်အဆိုတော်များကလည်း လာရောက်ကူညီဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သီဟ**

# ပဲခူးခရိုင်အတွင်း ကျေးလက်လမ်း/တံတား လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်း ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (အထွေထွေပိုလျှံ) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွှေတန်-ပြဟန်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မော်လုံကျေးရွာအဝင် ကွန်ကရစ်တံတား၊ ဝေါဘုရားပျို ကမာကဘန် ကတွတ် ညောင်ကိုင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဖိုးဦးစိန် အဘားလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတို့ကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်နှင့်တာဝန်ရှိသူများသည် ပဲခူးမြို့နယ်အတွင်းရှိ ရွှေတန် - ပြဟန်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားကာ မော်လုံကျေးရွာအဝင် ကွန်ကရစ်တံတားဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**သက်ထက်**

# လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများကျသင့်ခြင်းမှရှောင်ရှားပါ

# မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးမျိုးပြင်ဆင်ဆောင်ရွက်ထားရှိပေမယ့်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ယနေ့အထိ ပြန်လည်ဝင်ရောက်မှုမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသက နေရပ်စွန့်ခွာသူတွေကို ၎င်းတို့ရဲ့ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာပါက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို အဆင်ပြေချောမွေ့စွာ လက်ခံဆောင်ရွက်ပေးနိုင်ရေး အသင့်ပြင်ဆင်ထားရှိပါကြောင်း ပြောကြားလိုပါတယ်

**ဒေါ်အေးအေးသိန်း**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှုနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့် ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးသိန်းနှင့် စစ်တွေမြို့ ခေါင်းဒုက္ကာ (ဘင်္ဂါလီ) ကျေးရွာနေ ဒေါ်သီတာမြင့် (ခေါ်) ဂျူနီလာတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည် –



**ဒေါ်အေးအေးသိန်း**
**ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

ကျွန်မအနေနဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကိုပြန်လည်လက်ခံရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှု အခြေအနေတွေကို ရှင်းလင်းပြောကြားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှာ ၂၀၁၆–၂၀၁၇ခုနှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေကြောင့် အဲဒီဒေသတွေမှာ နေထိုင်သူတွေအနက် တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သူတို့ဆန္ဒအလျောက် နေရပ်စွန့်ခွာထွက်ပြေးသွားသူ ငါးသိန်းကျော်ခန့် ရှိခဲ့ပါတယ်။ သူတို့ကို ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရတို့ အကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှာ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါတယ်။

**မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်တွေနဲ့အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် အကျုံးဝင်မှု အခြေခံမူငါးရပ်ကို စံသတ်မှတ်ချက်များအဖြစ် ချမှတ်ခဲ့ပါတယ်။ အဲဒါတွေကတော့ ပြန်လည်ဝင်ရောက်လိုသူဟာ မြန်မာနိုင်ငံအတွင်း အမှန်တကယ် နေထိုင်ခဲ့သူ ဖြစ်ရပါမယ်။ ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့ရဲ့ဆန္ဒအလျောက် မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လိုသူများ ဖြစ်ရပါမယ်။ ကွဲကွာနေတဲ့ မိသားစု စာရင်းဝင်တွေ၊ ကျန်ရစ်ခဲ့တဲ့ မိသားစုဝင်တွေနဲ့ မိဘမဲ့ကလေးတွေအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးက မှန်ကန်ကြောင်းထောက်ခံချက်ပါရှိရပါမယ်။ တစ်ဖက်နိုင်ငံမှာ ထပ်မံမွေးဖွားလာတဲ့ကလေးက မြန်မာနိုင်ငံမှာနေထိုင်ခဲ့တဲ့ မိဘနှစ်ပါးက မွေးဖွားတဲ့ကလေး ဖြစ်ရပါမယ်။ ပဋိပက္ခကာလအတွင်း မွေးဖွားတဲ့ကလေးများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးက မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရပါမယ်။**

အဆိုပါ စံသတ်မှတ်ချက်တွေနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ရုပ်ပိုင်းဆိုင်ရာ လက်တွေ့အစီအစဉ်များဖြစ်တဲ့ Physical Arrangement ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က တာဝန်ရှိသူတွေ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြပါတယ်။

ဆက်လက်ပြီး မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေ ဦးဆောင်တဲ့ JWG ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် ပူးတွဲလုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ဖွဲ့စည်းခဲ့ပါတယ်။ JWG အစည်းအဝေးတွေကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ ငါးကြိမ်တိုင်တိုင် အလှည့်ကျကျင်းပဆွေးနွေးခဲ့ကြပါတယ်။

မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်အရ ပြန်လည်လက်ခံရေး စံသတ်မှတ်ချက်တွေနဲ့ အကျုံးဝင်သူတွေကို စိစစ်နိုင်ဖို့အတွက် နေရပ်စွန့်ခွာသူလူဦးရေ ရှစ်သိန်းကျော်ရဲ့စာရင်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ခြောက်ကြိမ်ခွဲပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပေးပို့ခဲ့ပါတယ်။

အဲဒီလို ဘင်္ဂလားဒေ့ရှ်ဘက်က ပေးပို့လာတဲ့ နေရပ်စွန့်ခွာသူ လူဦးရေ ရှစ်သိန်းကျော်ရဲ့ စာရင်းကို မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တာ မှန်ကန်ခြင်းရှိမရှိ စိစစ်နိုင်ဖို့အတွက် ၂၀၁၆ ခုနှစ်က ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှာ ဌာနအနေနဲ့ ကောက်ယူထားတဲ့ ဆွဲတင်စစ်စာရင်းအရ မိသားစုဓာတ်ပုံပါ အိမ်ထောင်စုစာရင်းတွေကို ဌာနရဲ့ Civil Registration software ရေးဆွဲထားတဲ့ ဒေတာထည့်သွင်းပြီး ကျွန်မတို့ဌာနက ဝန်ထမ်းတွေ တိုက်ဆိုင်စိစစ်တဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့အထိ စိစစ်ရေးပုံစံပါ လူဦးရေ သုံးသိန်းကျော်ကို တိုက်ဆိုင်စိစစ်နိုင်ခဲ့ပါတယ်။ အဲဒီလို တိုက်ဆိုင်စိစစ်ပြီးတဲ့ လူဦးရေကိုလည်း ဘင်္ဂလားဒေ့ရှ်ဘက်ကို သံတမန်လမ်းကြောင်းကနေတစ်ဆင့် ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

နေထိုင်ကြောင်းအထောက်အထား စိစစ်တွေ့ရှိပြီးသူတွေအနက် ပထမအသုတ်အနေနဲ့ လူဦးရေနှစ်ထောင်ကျော်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းမှာ တစ်ကြိမ်၊ ဒုတိယအသုတ်အနေနဲ့ လူဦးရေသုံးထောင်ကျော်ကို ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းမှာ တစ်ကြိမ် ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်လည်ပို့ဆောင်မယ်လို့ ပြောကြားချက်အရ မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးစခန်းနှစ်ခု ဖွင့်လှစ်ပြီး လက်ခံနိုင်ရေး အသင့် ဆောင်ရွက်ထားရှိခဲ့ပေမယ့် ဘင်္ဂလားဒေ့ရှ်ဘက်က နှစ်ကြိမ်စလုံး ပြန်လည်ပို့ဆောင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ဒါ့အပြင် ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို ရှေ့ပြေးစမ်းသပ်စီမံကိန်းနဲ့ ပြန်လည်လက်ခံဖို့အတွက်လည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါတွေကတော့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှာ နှစ်နိုင်ငံတာဝန်ရှိသူတွေနဲ့ ကျင်းပပြုလုပ်ခဲ့တဲ့ ဆွေးနွေးချက်တွေအရ နေရပ်စွန့်ခွာသူ ဦးရေ ၈၄၀ ကို ကနဦးလက်ခံဖို့ သဘောတူညီခဲ့ပါတယ်။ သူတို့အနက်ကမှ မိသားစုအလိုက် နေရပ်စွန့်ခွာကြောင်း စိစစ်တွေ့ရှိရသူ ၇၁၁ ဦးကို Pilot Project နဲ့ ပြန်လည်လက်ခံဖို့ အတည်ပြုခဲ့ပါတယ်။

အဲဒီ ၇၁၁ ဦးအပြင် သူတို့ရဲ့ဆက်စပ်မိသားစုဝင်တွေကိုပါ တစ်ပါတည်းလက်ခံဖို့ နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ JWG ရဲ့ ပဉ္စမအကြိမ်အစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်ချက်အရ ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးဆောင်တဲ့ မျက်မြင်စစ်ဆေးရေးအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဖ်မြို့ကို ၂၀၂၃ ခုနှစ် မတ်လမှာ ပထမအကြိမ် သွားရောက်ပြီး မျက်မြင်စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုစစ်ဆေးချက်အရ ဆက်စပ်မိသားစုဝင်တွေထဲက ပြန်လည်အတည်ပြုခဲ့သူ ၄၆၅ ဦး၊ မူလစိစစ်အတည်ပြုပြီးသူ ၇၁၁ ဦး စုစုပေါင်း ၁၁၇၆ ဦးကို ပြန်လည်လက်ခံဖို့ အတည်ပြုခဲ့ကြပါတယ်။

၂၀၂၃ ခုနှစ် မေ ၅ ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က Go and See Visit လာရောက်တဲ့ တာဝန်ခံခုနစ်ဦး၊ နေရပ်စွန့်ခွာစခန်းများမှ camp ကိုယ်စားလှယ် ၂၀ တို့က ပြန်လည်လက်ခံသူတွေကို နေရာချထားမယ့်ကျေးရွာတွေကို လာရောက်လေ့လာတဲ့အတွက် မြန်မာနိုင်ငံဘက်က လိုက်လံရှင်းလင်းပြသခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ နှစ်နိုင်ငံ ကမကထပြု ဆောင်ရွက်မယ့်အစီအစဉ်သစ် New Bilateral Initiative ကို ဆွေးနွေးဆုံးဖြတ်ချက်အရ ဘင်္ဂလားဒေ့ရှ်ဘက်က ပေးပို့တဲ့ အုပ်စုသုံးစုအနက်မှ မောင်တောမြောက်ပိုင်းမှာ နေထိုင်ခဲ့သူ မိသားစုအလိုက် တွေ့ရှိသူ ပြစ်မှုကင်းရှင်းသူ ၁၇၆၆ ဦး၊ ပထမအကြိမ်မျက်မြင်စစ်ဆေးရေးအဖွဲ့က အတည်ပြုခဲ့တဲ့ ၁၁၇၆ ဦးအနက်မှ ၁၀၄၁ ဦး စုစုပေါင်း ၂၈၀၇ ဦးကို Pilot Project နဲ့ ပြန်လည်လက်ခံဖို့ အတည်ပြုခဲ့ပါတယ်။

အဲဒီ ၂၈၀၇ ဦးရဲ့ ဆက်စပ်မိသားစုဝင်တွေကိုပါ တစ်ပါတည်းလက်ခံနိုင်ဖို့အတွက် မြန်မာဘက်က မျက်မြင်စစ်ဆေးရေးအဖွဲ့ Go and Talk အဖွဲ့ဝင်တွေဟာ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှာ ဒုတိယအကြိမ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဖ်ကို သွားရောက်စစ်ဆေးခဲ့ကြပါတယ်။ ဒုတိယအကြိမ် ထပ်မံစစ်ဆေးချက်အရ တွေ့ရှိသူ လက်ခံအတည်ပြုမယ့် စုစုပေါင်း ၂၉၃၃ ဦးကို ပြန်လည်လက်ခံဖို့ အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။

အဆိုပါ Pilot Project အရ ပြန်လည်လက်ခံမယ့် စုစုပေါင်း ၂၉၃၃ ဦးကို ပြန်လည်နေရာချထားပေးဖို့ ကျေးရွာ ၂၀ လျာထားခဲ့ပြီး ငါးခူရနဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်းနှစ်ခုဖွင့်လှစ်ပြီး တစ်ပတ်ကို လူ ၂၅၀ နှုန်းနဲ့ စခန်းနှစ်ခုကို စုစုပေါင်း လူဦးရေ ၅၀၀ ကို စိစစ်လက်ခံဖို့ ဆောင်ရွက်ခဲ့ပါတယ်။

စိစစ်လက်ခံပြီးတဲ့ ပြန်လည်ဝင်ရောက်လာသူတွေကို လှဖိုးခေါင်ကြားစခန်းမှာ ယာယီနေရာချထားမယ်။ လျာထားတဲ့ ကျေးရွာ ၂၀ ကို ဆက်လက်ပို့ဆောင်ဖို့နဲ့ သူတို့ရဲ့ လူမှုဘဝ ရှင်သန်နေထိုင်ရေး၊ စားဝတ်နေရေးကိစ္စတွေကို ကူညီပံ့ပိုးပေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းချိတ်ဆက်ပြီး ဆောင်ရွက်သွားဖို့ စီစဉ်ထားရှိခဲ့ပါတယ်။

**ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ ကူညီပံ့ပိုး ဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်တဲ့ UNDP နဲ့ UNHCR တို့က အဆိုပြုကမ်းလှမ်းလာတဲ့အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ UNDP နဲ့ UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှု စာချွန်လွှာ MOU ကို ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါတယ်။ UNDP ၊ UNHCR တို့က ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သောက်ရေသုံးရေရရှိရေး၊ လမ်းတံတားများပြုပြင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာတော့ နယ်မြေလုံခြုံရေး အခြေအနေအပေါ် မူတည်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတွေကို ဆက်လက် အကောင်အထည်ဖော်နိုင်ဖို့အတွက် UNDP၊ UNHCR တို့နဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက နားလည်မှု စာချွန်လွှာ (MOU) ကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်ပြီး ဆက်လက် ဆောင်ရွက်လျက် ရှိပါတယ်။**

အဲဒီလို မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးမျိုးပြင်ဆင်ဆောင်ရွက်ထားရှိပေမယ့်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ယနေ့အထိ ပြန်လည်ဝင်ရောက်မှု မရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသက နေရပ်စွန့်ခွာသူတွေကို ၎င်းတို့ရဲ့ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာပါက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို အဆင်ပြေချောမွေ့စွာ လက်ခံဆောင်ရွက်ပေးနိုင်ရေး အသင့်ပြင်ဆင်ထားရှိပါကြောင်း ပြောကြားလိုပါတယ်။



**ဒေါ်သီတာမြင့် (ခေါ်) ဂျူနီလာ**
**ခေါင်းဒုက္ကာ (ဘင်္ဂါလီ) ကျေးရွာ၊ စစ်တွေမြို့**

ကျွန်မ နာမည်ကတော့ သီတာမြင့်ပါ။ မွတ်ဆလင်နာမည်ကတော့ ဂျူနီလာလို့ ခေါ်ပါတယ်။ ခေါင်းဒုက္ကာကျေးရွာသူပါ၊ ကလေးက သုံးယောက်ရှိပါတယ်။ ကျွန်မတို့ဆီကို အစိုးရဌာနက တစ်လတစ်ကြိမ် ပုံမှန်လာပြီးတော့ ကာကွယ်ဆေးတွေ ထိုးပေးတယ်၊ အထွေထွေဆေးတွေလည်း ထိုးပေးပါတယ်။ အသည်းအသန်ဖြစ်ရင်တော့ ကျွန်မတို့ သက္ကယ်ပြင်ဆေးရုံကို သွားရပါတယ်။

ရွာလူကြီးတွေနဲ့ ရပ်ရွာလူကြီးတွေ ပေါင်းပြီးတော့ အိမ်အလိုက် ဥပမာ ဒီနေ့ ဆယ်အိမ်၊ နောက်တစ်နေ့ နောက်ဆယ်အိမ်ဆိုပြီး လုံခြုံရေးချထားတာ ရှိပါတယ်။ ကျွန်မတို့က လယ်ယာစိုက်ပျိုးတယ်။ ကျွန်မတို့ရွာမှာဆိုရင် ဈေးဆိုင်၊ ကျပန်းအလုပ်သမားတွေလည်း အများကြီးပါ။ တခြားတော့ ထွေထွေထူးထူး မရှိပါဘူး။ အကန့်အသတ်လည်း မရှိပါဘူး။

*စာမျက်နှာ ၉ သို့*

## သဘောထားထုတ်ပြန်ကြေညာချက်

**ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး၏**
**သဘောထားကြေညာချက်**
**၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ ( ၂၃ ) ရက်**
**(၁၃၈၇) ခုနှစ်၊ တပို့တွဲလဆန်း ( ၆ ) ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နှင့် ဥပဒေရေးရာဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ သို့ သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့ မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့်ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

**ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲ လုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝ ကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှသိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသောအချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ **ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သောကိစ္စရပ်များအတွက် အမှန်တရားကိုရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံဂုဏ်ပြု မှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ **ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**အနေဖြင့် နိုင်ငံတော်၏မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

**ပိန္နဲကုန်းအာရ်ကာနီဂျာမေဗလီကြီး**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့ သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို မြန်မာနိုင်ငံကိုယ်စားပြုပြီး မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် တရားမျှတမှုရရှိရေးနှင့် အမှန်တရားအတွက် ဥပဒေနှင့်အညီအစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့မှ နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) မှ ဂုဏ်သရေရှိ တရားသူကြီးမင်းများအနေဖြင့်လည်း မှန်မြတ်သောတရားစီရင်ရေး ကျင့်ဝတ်သိက္ခာနှင့်အညီ အဆုံးအဖြတ်ပေးမည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏အကျိုးစီးပွားအတွက် တရားဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သို့ သွားရောက်ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သွေးတစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

*စာမျက်နှာ ၈ မှ*

ကျွန်မတို့ အဆင်ပြေပြေ ချောချောမောမောနဲ့ သွားလာနိုင်ပါတယ်။ အကန့်အသတ်တော့ လုံးဝမရှိပါဘူး။ ကျန်းမာရေး စောင့်ရှောက်မှုကလည်း ပုံမှန်လာပါတယ်။ လူနာကများတယ်၊ ဆေးကမလုံမလောက်ဘူးဆိုရင်တော့ သက္ကယ်ပြင်ဆေးရုံကိုသွားပြီး အခမဲ့ဆေးကုသလို့ရပါတယ်။ အကုန်အခမဲ့ပါပဲ။ အဲဒီလို စီစဉ်ပေးပါတယ်။ ကျွန်မတို့ ခေါင်းဒုက္ခာရွာမှာ မူလတန်းလွန်ကျောင်း ရှိပါတယ်။ မူလတန်းလွန်ကျောင်းက ကလေးတွေ စာမေးပွဲအောင်ပြီဆိုတာနဲ့ သက္ကယ်ပြင် အထကကျောင်းကို သွားတက်ပါတယ်။ ကျွန်မတို့နဲ့ အနီးစပ်ဆုံးဆိုရင်တော့ သက္ကယ်ပြင်ကျောင်းပဲ ရှိပါတယ်။ အဲဒီမှာ သွားပြီးတော့ တက်ပါတယ်။ ပညာရေး အခြေအနေကတော့ အခမဲ့ပါ။ အစိုးရက အကုန်လုံးစီစဉ်ပေးထားပါတယ်။

မှတ်ပုံတင်က ကျွန်မတို့ လျှောက်ပြီး ရလိုက်ပါပြီ။ လဝကရုံးကို ကိုယ်တိုင်သွားပြီးတော့ ကိုယ်တိုင်လျှောက်လိုက်တာပါ။ အထောက်အထားအစုံရှိတော့ အမြန်ဆုံးရလိုက်ပါတယ်။ ဒီနှစ် ကျွန်မတို့ မဲပေးခွင့်ရှိခဲ့ပါတယ်။ ကျွန်မတို့စာရင်းက သဲချောင်းဘက်မှာပါတဲ့အတွက် ကျွန်မတို့ မဲသွားပေးပါတယ်။ အကုန်လုံး လွတ်လွတ်လပ်လပ် ပေးနိုင်ခဲ့ပါတယ်။ တချို့မဲပေးခွင့်မရတဲ့ သူတွေလည်း ပျော်ပျော်ပါးပါး သွားကြည့်ကြတာ ကျွန်မတို့ မြင်ပါတယ်။ အကုန်လုံး အေးအေးဆေးဆေးပါပဲ။ **သတင်းအဖွဲ့**

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား**
**ငြိမ်းချမ်းခြင်းသည် အလှတရား**

## သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ**
**သဘောထားထုတ်ပြန်ချက်**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

အာဖရိကတိုက် ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice)သို့ သွားရောက်၍ စွပ်စွဲချက်များအား ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်နေကြောင်း ကြားသိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်နိုင်ငံသားများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးနှင့် ဥပဒေအရ မှန်ကန်တရားမျှတစွာဆုံးဖြတ်နိုင်ရေးတို့သည် လွန်စွာအရေးကြီးလှပေသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် ICJ ကြားနာပွဲတွင် သွားရောက်ဖြေရှင်းနေသည့် Agent of Myanmar အဖွဲ့မှ တာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များအနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် နိုင်ငံတော်အတွက် အောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ**

## သဘောထားထုတ်ပြန်ကြေညာချက်

**ICJ သို့ သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏**
**ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ**
**သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၂၆)**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့မှ ဇန်နဝါရီလ(၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice–ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသောလုပ်ရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာလိုသည့်ဆန္ဒကိုလည်းဖော်ပြနေခြင်းဖြစ်ပါသည်။ သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်နှင့် သက်ဆိုင်သော အငြင်းပွားမှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်အခြေခံ၍ ထိရောက်ပြတ်သားစွာ ရင်ဆိုင်ဖြေရှင်းနေမှုကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် ပကတိဖြစ်စဉ်မှန်များကို ပုံဖော်ပေးနိုင်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ပကတိဖြစ်စဉ်များအပေါ် သိရှိနားလည်စေမှာဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရေးအတွက်လည်း အရေးပါသောအခြေခံအချက်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။ သို့ပါ၍ သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတော်၏မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

## စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဖြန့်ဖြူးရောင်းချစေရေး ကွင်းဆင်းစစ်ဆေး

**ဝေါ ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ချမှတ်ထားသည့် မှန်(၆)မှန်နှင့်အညီ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ/မရှိကို ယမန်နေ့က ဝေါမြို့နယ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမိုး၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမိုးသက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများသည် ပြည်သူများအား စားအုန်းဆီဝယ်ယူခွင့် စာအုပ်များဖြင့် ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏမှန်ကန်မှု ရှိ၊ မရှိ မြို့ပေါ်ရပ်ကွက်များရှိ လက်ကား/လက်လီကိုယ်စားလှယ် အရောင်းဆိုင်များသို့ လိုက်လံကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်
(ပြန်/ဆက်)

# ဝါသီးနှံကို တစ်ပြိုင်တည်း ကောက်သိမ်းနိုင်မည့် နည်းပညာများနှင့် အလားအလာ

ဝါဂွမ်းသည် အရည်အသွေးမြင့် သဘာဝချည်မျှင် တစ်မျိုးဖြစ်၍ အထည်အလိပ်လုပ်ငန်းအတွက် အဓိကအရေးပါမှုနှင့်အတူ ဝါစေ့ဆီသည်လည်း လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သဖြင့် ကမ္ဘာတွင်အရေးကြီး စက်မှုကုန်ကြမ်းသီးနှံအဖြစ် ရပ်တည်နေသည်။ စိုက်ပျိုးရေးနှင့် ကုန်သွယ်မှု တန်ဖိုးမြင့်မားသောကြောင့် ကမ္ဘာတွင် ရွှေဖြူအဖြစ် တင်စားကြသည်။

အေးအေးသန့်(ဝါ/လျှော်)



### ဝါကောက်စက်များကို အသုံးပြု

ဝါစိုက်နိုင်ငံအသီးသီးသည် ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် စိုက်ပျိုးသည်မှ ဝါကောက်သိမ်းသည်အထိ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြပြီး ကမ္ဘာ့ဝါစိုက်ဧရိယာ၏ သုံးပုံတစ်ပုံသည် စက်ဖြင့်ဝါကောက်သိမ်းခြင်း ဆောင်ရွက်ကြပါသည်။ ဝါစိုက်နိုင်ငံများအနက် ဘရာဇီး၊ အမေရိက၊ ဩစတြေးလျ၊ တူရကီ၊ မက္ကစီကို၊ အစ္စရေးစသည့် နိုင်ငံများတွင် ဝါစိုက်ဧရိယာအားလုံးနီးပါးအားလည်းကောင်း၊ တရုတ်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများမှ စိုက်ဧရိယာအများစုသည်လည်းကောင်း စက်ဖြင့် ကောက်သိမ်းနေကြပြီဖြစ်သည်။ အိန္ဒိယ၊ ပါကစ္စတန်၊ တောင်အာဖရိကနိုင်ငံများတွင် လူဖြင့်ကောက်သိမ်းခြင်းသာမက ဝါကောက်စက်များကိုလည်း တွဲဖက်အသုံးပြုနေကြသည်။

မြန်မာနိုင်ငံတွင် လက်ရှိအနေဖြင့် လက်ဖြင့်ကောက်သိမ်းသည့်စနစ်ကိုသာ အသုံးပြုသည်။ ဝါကောက်စက်အသုံးပြု ကောက်သိမ်းမည်ဆိုပါက စိုက်ပျိုးမည့်မျိုးသည် အပင်မြင့်လွန်းခြင်းမရှိဘဲ ကျစ်လျစ်သည့် အပင်ပုံသဏ္ဌာန်ရှိပြီး ပန်းပွင့်ချိန်၊ ဝါပေါက်ကွဲချိန်တို့သည် အများစုညီညာနိုင်သည့်မျိုး၊ သက်တမ်းတိုမျိုးများ ဖြစ်ရန်လိုအပ်ပြီး စိုက်စနစ်မှာလည်း တစ်ဧကအပင်ဦးရေ များများဝင်ဆံ့သည့် ပင်ကြားစိပ်သည့် စိုက်စနစ်(High Density Population System) ဖြစ်ရန် လိုအပ်သည်။

သို့ဖြစ်၍ ဝါကောက်သိမ်းရန် လုပ်သားရှားပါးခြင်းကို ဖြေရှင်းနိုင်ပြီး လုပ်ငန်းဆောင်ရွက်မှုတွင်ကျယ်စေရန်အတွက်နှင့် ရေရှည်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲအသုံးပြုရာ၌ ဝါသီးနှံကို ကေကွက်၊ ဟတ်တာကွက်အလိုက် တစ်ကွင်းတစ်စပ်တည်း စက်ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ကောက်သိမ်းနိုင်ရန် လိုအပ်လာမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်ဖြန့်ဖြူးထားသည့် ဝါမျိုးများနှင့် ပြည်ပမှတင်သွင်းသည့် စပ်မျိုး ဝါများသည် အပင်ပုံသဏ္ဌာန်ပြန့်ကားခြင်းနှင့် သက်တမ်းအားဖြင့် (၁၆၀-၁၆၅) ရက်အထိရှိပြီး ဝါပေါက်ကွဲမှုကာလ ၄၅ ရက်ခန့်အတွင်း လေးကြိမ်မှ ငါးကြိမ် ကောက်သိမ်းရလေ့ရှိသဖြင့် စက်ဖြင့်ကောက်သိမ်းနိုင်သည့် ဝါမျိုးသစ်များ ရရှိရန် မျိုးသုတေသနများလည်း ဆောင်ရွက်လျက်ရှိပါသည်။

### ဝါမျိုး ခြောက်မျိုးကို စမ်းသပ်ခဲ့ရာ တစ်ပြိုင်တည်း စက်အသုံးပြုကောက်သိမ်းနိုင်

သို့ရာတွင် လိုအပ်ချက်နှင့်ကိုက်ညီသည့် မျိုးကိုရရှိရန်အချိန်ယူဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် လက်ရှိမျိုးများအပေါ်တွင် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ (Canopy Management) အသုံးပြုပြီး ပန်းပွင့်ချိန်စော၍ ညီညာစေရန်၊ ဝါသီးတင်ရှိမှုကောင်းစေရန်၊ အချိန်တိုအတွင်း ဝါပေါက်ကွဲမှု ပြီးမြောက်စေပြီး တစ်ပြိုင်တည်း စက်အသုံးပြုကောက်သိမ်းနိုင်ရန်တို့အတွက် ပျဉ်းမနားမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းဝင်းအတွင်း ၂၀၂၅ ခုနှစ် မိုးနှောင်းဝါစိုက်ပျိုးရာသီတွင် ဝါမျိုး ခြောက်မျိုးကို စမ်းသပ်ခဲ့ရာ တစ်ပြိုင်တည်း ကောက်ယူနိုင်မည့် အောင်မြင်မှုအနေအထားကို တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။

ဝါသီးနှံ စိုက်စနစ်အနေဖြင့် ယခင်က တန်းကြားသုံးပေ ပင်ကြား ၂ ဒသမ ၅ ပေ (သို့) နှစ်ပေ စိုက်ပျိုးခဲ့ရာမှ ယခုစမ်းသပ်မှုတွင် တန်းကြားသုံးပေ၊ ပင်ကြား ခြောက်လက်မဖြင့် ပြောင်းလဲပြီး တစ်ဧကလျှင် အပင်ရေ ၂၉၀၄၀ ဝင်ဆံ့အောင် စိုက်ပျိုးပါသည်။

အပင်အရွယ်အစားထိန်းချုပ်သည့် နည်းလမ်းများအနေဖြင့် အပင်ကြီးထွားမှု ထိန်းညှိဆေးများ (Plant Growth Regulators)နှင့် အပင်အာဟာရများကို အပင်ကြီးထွားမှုအဆင့်အလိုက် အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ ဝါပင်များအပင်ဟုန်ခြင်း မဖြစ်စေဘဲ သီးပွင့်အင်္ဂါများအားကောင်းစေရန် နိုက်ထရိုဂျင်၊ ဖော့စ်ဖားရပ်နှင့် ပိုတက်စီယမ်ဓာတ်မြေဩဇာများအား သတ်မှတ်နှုန်းထားများအတိုင်း အချိုးကျထည့်သွင်းစိုက်ပျိုးပြီး အပိန့်စတင်ဝင်သည့် အပင်သက်တမ်း ၃၅ ရက်သားတွင် ဖူးပွင့်ဖြစ်ပေါ်မှုကို လှုံ့ဆော်ရန်နှင့် ပန်းပွင့်မှုညီညာစေရန် အပင်ကြီးထွားမှု ထိန်းညှိဆေးတစ်မျိုးဖြစ်သည့် ဂျင်ဘရဲလစ်အက်စစ် (Gibberellic acid) ကို စတင်အသုံးပြုပါသည်။

ယင်းနောက် ဖြစ်ပေါ်လာသည့် ဖူးပွင့်အင်္ဂါများ တင်ရှိမှု အားကောင်းစေရန် အနည်းလိုအာဟာရရွက်ဖျန်းမြေဩဇာအား ပန်းစတင်ပွင့်ချိန် ရက်သား ၅၀၊ ပန်းပွင့်ဖြိုင်ချိန် ရက်သား ၇၀ တို့တွင် ဖြည့်စွက်အသုံးပြုပါသည်။ အပင်ပိုင်းကြီးထွားမှု ( Vegetative Growth) အား ထိန်းညှိ၍ သီးပွင့်အင်္ဂါဖြစ်ထွန်းမှု (Reproductive Growth) ကို အားပေးပြီး ပန်းပွင့်မှု ညီညာစေရန်အတွက် အပင်ကြီးထွားမှု ထိန်းညှိဆေးတစ်မျိုးဖြစ်သည့် ပစ် (Pix – Mepiquat Chloride) အား အပင်သက်တမ်း ရက်သား ၆၀ နှင့် ၇၅ ရက်သားတို့တွင် နှစ်ကြိမ် အသုံးပြုပါသည်။

နောက်ဆုံးအနေဖြင့် အပင်သက်တမ်း ရက်သား ၁၃၀ တွင် ဝါပေါက်ကွဲမှုညီညာစေပြီး ဝါကောက်သိမ်းမှု ကာလတိုစေရန်အပင်ကြီးထွားမှု ထိန်းညှိဆေးတစ်မျိုးဖြစ်သည့် သီးကွဲဆေး (Ethephon) အား ပက်ဖျန်းအသုံးပြုပြီးနောက် စောင့်ဆိုင်းရမည့်ကာလ နှစ်ပတ်အကြာ အပင်သက်တမ်း ၁၄၅ ရက်သားခန့်တွင် တစ်ပြိုင်တည်း ကောက်သိမ်းနိုင်ခြင်း ဖြစ်ပါသည်။

### ဧရိယာအကျယ်စနစ်ဖြင့် ဆောင်ရွက်မည်

ယခုနည်းပညာကို ပြည်တွင်းမျိုးများ ဖြစ်သည့် ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ နှင့် ပြည်ပစပ်မျိုးဝါများဖြစ်သည့် B–31၊ RAKA–666၊ KTK တို့အပေါ် သက်ရောက်မှုကို နှိုင်းယှဉ်ရာတွင် ပြည်တွင်းမျိုး ငွေချည်-၁၁ နှင့် ရွှေတောင်-၁၀ တို့မှ တုံ့ပြန်မှု အကောင်းဆုံးအနေအထားနှင့် စက်ဖြင့်ကောက်သိမ်းနိုင်ရန် အလားအလာအရှိဆုံး မျိုးများဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ ယခုစမ်းသပ်မှုမှ အောင်မြင်မှုရရှိခဲ့ပြီဖြစ်၍ ဧရိယာအကျယ်စနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနည်းစနစ်အား အသုံးပြုရာတွင် ပုံမှန်စိုက်ပျိုးပြုစုမှု စရိတ်များအပြင် အပင်ကြီးထွားမှု ထိန်းညှိဆေးနှင့် ဖြည့်စွက်အသုံးပြုသည့် အပင်အာဟာရများအတွက် ကုန်ကျစရိတ် ကျပ်တစ်သိန်းခန့် ပိုမိုကုန်ကျနိုင်ပါသည်။ သို့ရာတွင် အပင်ဦးရေတိုးမြှင့်ဝင်ဆံ့သည့် စိုက်စနစ်ဖြင့် စိုက်ပျိုးထားခြင်း၊ အပင်ပိုင်းကြီးထွားမှုမှ သီးပွင့်အင်္ဂါဖြစ်ပေါ်မှုသို့ အားပေးစေပြီး ဖြစ်ပေါ်လာသည့် သီးပွင့်အင်္ဂါများအား တင်ရှိမှုကောင်းစေရန် ဆောင်ရွက်ထားခြင်းဖြစ်၍ ဝါကောက်သိမ်းသက်တမ်းလျှော့ချနိုင်ပြီး တစ်ပြိုင်တည်း ကောက်သိမ်းနိုင်သဖြင့် နောက်သီးနှံကို ရာသီအချိန်မီစိုက်ပျိုးနိုင်မည့် အားသာချက်အပြင် အထွက်နှုန်းအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိခြင်းကို တွေ့ရှိရပါသည်။ လက်ရှိတွင် နိုင်ငံအတွင်း ဝါကောက်စက် အသုံးပြုမှုမရှိသေးသော်လည်း တောင်သူများမှလွယ်ကူစွာ ဝါကောက်သိမ်းနိုင်ခြင်းအပြင် ဝါကောက်စက်များ အသုံးပြုလာချိန်တွင် လက်တွေ့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ရေရှည်တွင် ဝါကောက်စက်အသုံးပြု ကောက်သိမ်းနိုင်ရန်အတွက် လိုအပ်ချက်အနေဖြင့် စက်များအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမြင့်ခြင်း၊ ဝါကောက်စက်ကောင်းစွာအသုံးပြုနိုင်မည့် မျိုးများရှိရန် လိုအပ်ခြင်း၊ ဝါစိုက်ခင်းများသည် ဧကကွက်၊ ဟတ်တာကွက်ကျယ်များဖြစ်ရန်နှင့် မြေမျက်နှာပြင် ညီညာရန်တို့ လိုအပ်ပါသည်။ ဝါကောက်စက်ဖြင့် ကောက်သိမ်းခြင်း၏ အားသာချက်များအနေဖြင့် ဝါအကြိမ်ကြိမ် ကောက်သိမ်းရခြင်းကြောင့် လုပ်သားအကြိမ်ကြိမ် သုံးစွဲမှုအစား တစ်ကြိမ်တည်း ကောက်သိမ်းနိုင်ခြင်းကြောင့် လုပ်သားသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ လုပ်သားများအား မှီခိုနေရမှုနှင့် လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ တစ်ရက်အတွင်း ဧရိယာများစွာ လုပ်ငန်းပြီးမြောက်သဖြင့် ရာသီဥတုကြောင့် ပျက်စီးမှုနှင့် ပိုးမွှားတိရစ္ဆာန်များ ဖျက်ဆီးမှုတို့မှ လွတ်ကင်းနိုင်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ ဝါကောက်စရိတ်သက်သာခြင်း၊ အထွက်နှုန်းမှတ်တမ်းများ ရယူနိုင်ခြင်း စသည့်အကျိုးများ ရရှိနိုင်ပါသည်။ ။

**❝ ဝါကောက်စက်ဖြင့် ကောက်သိမ်းခြင်း၏ အားသာချက်များအနေဖြင့် ဝါအကြိမ်ကြိမ် ကောက်သိမ်းရခြင်းကြောင့် လုပ်သားအကြိမ်ကြိမ် သုံးစွဲမှုအစား တစ်ကြိမ်တည်း ကောက်သိမ်းနိုင်ခြင်းကြောင့် လုပ်သားသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ လုပ်သားများအား မှီခိုနေရမှုနှင့် လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ တစ်ရက်အတွင်း ဧရိယာများစွာ လုပ်ငန်းပြီးမြောက်သဖြင့် ရာသီဥတုကြောင့် ပျက်စီးမှုနှင့် ပိုးမွှားတိရစ္ဆာန်များ ဖျက်ဆီးမှုတို့မှ လွတ်ကင်းနိုင်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ ဝါကောက်စရိတ်သက်သာခြင်း၊ အထွက်နှုန်းမှတ်တမ်းများ ရယူနိုင်ခြင်း စသည့်အကျိုးများ ရရှိနိုင် ❞**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် စဉ့်ကူးမြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအား ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် မန္တလေး – မတ္တရာ – သပိတ်ကျင်း – မိုးကုတ် လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများအား ဇန်နဝါရီ ၁၉ ရက်တွင် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး– မတ္တရာ–သပိတ်ကျင်း–မိုးကုတ်ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ခဲ့သည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် ယနေ့ နံနက်ပိုင်းက မန္တလေးမြို့မှ စဉ့်ကူးမြို့သို့ ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအား နွေးထွေးစွာ တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများချီးမြှင့်ကာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုကဲ့သို့ တပ်မတော်အနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ပုံမှန်အတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဘယ်လာရုစ်ပါတီဥက္ကဋ္ဌ Ms. Vohla N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဘယ်လာရုစ်ပါတီ (Belar- usian Party Belaya Rus) ဥက္ကဋ္ဌ Ms. Vohla N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) နှင့် အပိုင်း(၂)ကို ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ လွတ်လပ်မျှတစွာကျင်းပနိုင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်၍ စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အခြေအနေများ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကို ပွင့်လင်းမြင်သာစွာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့မှု၊ ကျင်းပပြီးသည့် အပိုင်းလိုက် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုနှင့် မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) အသုံးပြုခဲ့မှု၊ ပြည်တွင်း၊ ပြည်ပ ကြိုတင်ဆန္ဒမဲပေးမှု အခြေအနေများ၊ ပြောင်းလဲကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ပြီး ရွေးကောက်ပွဲ အပိုင်း(၃)ကို အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဘယ်လာရုစ်ပါတီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁) နှင့် အပိုင်း (၂) ကို လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်အောင် ကျင်းပနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာ၊ အချက်အလက်များနှင့်စပ်လျဉ်း၍ ပြည့်စုံစွာ ရှင်းလင်း ပြောကြားပေးမှုနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရန် ဖိတ်ကြားမှုအတွက် ကျေးဇူးတင်ပါကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ရွေးကောက်ပွဲအပိုင်း(၁)တွင် လာရောက်လေ့လာခဲ့ကြပြီး ယခုအခါ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း (၃) သို့ ထပ်မံလာရောက်လေ့လာခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟန်ရှိုင်းအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Uladzimir BARAVIKOU က ရွေးကောက်ပွဲအပိုင်း(၁) စောင့်ကြည့်လေ့လာခဲ့ရာတွင် တွေ့ရှိရသည့်အခြေအနေ၊ ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ စနစ်တကျ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ထားမှုများအပေါ် သုံးသပ်တွေ့ရှိချက်ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## (၅၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တက်ရောက်နိုင်

**နေပြည်တော် ဇန်နဝါရီ ၂၃**

(၅၄) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကို ဆေးသုတေသန ဆောင်ရွက်မှုများမှသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဆီသို့ – Better Health through Medical Research ဟူသော ဆောင်ပုဒ်နှင့် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် သုတေသနစာတမ်း (၇၁) စောင်နှင့် သုတေသန ပိုစတာ (၄၅) စောင်တို့ကို တင်သွင်းဖတ်ကြား ပြသသွားရန် စီစဉ်ထားရှိကြောင်းသိရှိရသည်။

ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ သုတေသီများ တက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲ (Symposium) (၄) ခုနှင့် (Scientific Talk) (၂) ခုတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ (၂၆) မှ(၃၀) ရက်အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်–၅၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ကျန်းမာရေးဝန်ကြီးဌာန

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်မှ ၃၀ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့


## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC–I တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါ အခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် (၂)ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည် စသည့်သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ(နေပြည်တော်)၊ ၀၆၇–၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်) ၀၁–၅၄၄၅၈၂၊ iprd.crd.ygn@gmail.com သို့ ၂၈–၁–၂၀၂၆ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)၌ ယနေ့နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) ၌ ယနေ့နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် စတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ စက်ရုံရှိ မီးသတ်ဝန်ထမ်းများနှင့် စက်ရုံဝန်ထမ်းများ၊ တပ်နယ်၊ ခရိုင်၊ မြို့နယ်များရှိမီးသတ်တပ်ဖွဲ့ဝင်များဖြင့် အတူပူးပေါင်းပြီး ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့မှုကြောင့် နံနက် ၇ နာရီတွင် မီးငြိမ်းသတ်နိုင်ပြီး လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိသည်။

အဆိုပါမီးလောင်ကျွမ်းမှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့ခြင်းအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မင်းလှမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) သို့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ရေနံစိမ်းလက်ခံသိုလှောင်ကန်အခြေအနေများအား စက်ရုံမှူးကတင်ပြခဲ့ရာ သိုလှောင်ကန်နံရံများသာ မီးလောင်ကျွမ်းခဲ့ပြီး သံကန်အတွင်း သိုလှောင်ထားသည့် ရေနံစိမ်းများ ပျက်စီးဆုံးရှုံးမှုမရှိပါကြောင်း၊ လက်ရှိမီးလောင်မှုဖြစ်ပွားခဲ့သည့် သိုလှောင်ကန်နှစ်ကန်ကို အသုံးမပြုဘဲ အခြားရေနံစိမ်းသိုလှောင်ကန်များအား အသုံးပြုပြီး ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်ရုံနှင့် ရေနံသိုလှောင်ကန်များ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ရေနံစိမ်းသိုလှောင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပုံမှန်အတိုင်း လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ပရှိ ဆက်သွယ်ထားသည့် ပိုက်လိုင်းအနည်းငယ်သာ ပျက်စီးသွားပြီး ပိုက်လိုင်းအတွင်းရှိ ပိုက်လိုင်းကျန်ရေနံစိမ်း ခန့်မှန်းဂါလန် ၃၅၀ ခန့်သာ ဆုံးရှုံးခဲ့ပါကြောင်း၊ ပြင်ပရှိပိုက်လိုင်းများ ပျက်စီးမှုများကိုလည်း အမြန်ဆုံး ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက မီးလောင်မှုဖြစ်ပွားရာတွင် အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့် တပ်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံရှိဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ပျက်စီးဆုံးရှုံးသွားသည့် ပိုက်လိုင်းများအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ကုန်ထုတ်လုပ်မှုကို ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ရေနံချက်စက်ရုံများသည် မီးလောင်ကျွမ်းနိုင်သည့် လောင်စာဆီများကို ကိုင်တွယ်အသုံးပြုရသည့် လုပ်ငန်းဖြစ်သည့်အတွက် အရေးပေါ်မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လူ၊ စက်၊ ပစ္စည်းအဆင်သင့်ရှိနေရန် လိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိစက်ရုံ၏ မီးသတ်ဝန်ထမ်းအင်အား၊ မီးသတ်ယာဉ်နှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်း ပိုမိုလုံလောက်မှုရှိစေရန် အမြန်ဆုံးထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် (မန်း)သံပရာကန်ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်နေမှုအားတွေ့ရစဉ်။

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၃**

ရန်ကုန်မြို့ရှိအခြေခံပညာကျောင်းများ၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာမွေမြို့နယ် အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် ကျောင်းဥပမိရပ်ကောင်းမွန်ရန်၊ သန့်ရှင်းသာယာရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ကျောင်းသား ကျောင်းသူများကို ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့် ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်သွားရန် လိုအပ်ကြောင်း၊ ကျောင်းသားကျောင်းသူများကို ပညာတတ်မြောက်စေရန်သာမက ကိုယ်ကျင့်တရားကောင်းမွန်ပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာရေးနှင့်ကင်းကွာနေသည့် လူငယ်များကို ကျောင်းပြင်ပပညာရေး၏ တန်းညှိပညာရေးအစီအစဉ်ဖြစ်သည့် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)၊ ကျောင်းပြင်ပအလယ်တန်း ပညာရေး (NFME)အစီအစဉ်ဖြင့် ဒုတိယအကြိမ် ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် သတ်မှတ်ချက်များနှင့်အညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များကို ကျောင်းသားကျောင်းသူများ အမှန်တကယ် အကျိုးရှိ ထိရောက်အောင် အသုံးပြုကြရမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အသိပညာများ တိုးပွားလာစေရေး စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန် လိုပါကြောင်း၊ ကျောင်းရှိ အားကစားရုံ၊ ဘောလုံးအားကစားကွင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်၍ အကျိုးရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သဃ်္ဃန်းကျွန်းမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(သုဝဏ္ဏ)၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လည်းကောင်း၊ ကျောင်းအတွင်း သင်ကြားသင်ယူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် စိုက်ပျိုးရေး လက်တွေ့သင်ခန်းစာများကို ကျောင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့် (KG+9) ကို မသင်မနေရအဆင့် သတ်မှတ်ပြီး ပညာရေး အဆင့်မြှင့်တင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရှေ့လာမည့်ပညာသင်နှစ်မှ စတင်၍ အခြေခံပညာအလယ်တန်း အဆင့်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံဗဟုသုတများ သင်ကြားပေးရန် စီစဉ်နေကြောင်း၊ ယခု တက်ရောက်သင်ကြားနေသော စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကျောင်းသားများအနေဖြင့် G12 ဖြေဆိုပြီးမြောက်ချိန်တွင် ရရှိလာသည့် အဆင့်သတ်မှတ်ချက်များအရ အဆင့်မြင့် တက္ကသိုလ်များ သက်မွေးပညာသင်နေရာများ၊ လုပ်ငန်းခွင်နေရာများ စသည်ဖြင့် အသီးသီး ရောက်ရှိသွားကြမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ရည်မှန်းချက်ထားရှိ ကြိုးပမ်းဆောင်ရွက်စေ လိုပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် လက်တွေ့သင်ခန်းစာများ ပို့ချရာတွင် ထိရောက်ကောင်းမွန်မည့် သင်ကြားရေးနည်းစနစ်များ အသုံးပြုစေလိုပါကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

အခြားနာမည်ကြီး ပွဲစဉ်ရလဒ်များတွင် PAOK က ဘက်တစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ လိုင်ယွန်က ယန်းဘွိုင်းစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဘရာဂါက တစ်ယောက်လျော့ နော်တင်ဟမ်ဖောရက်စ်ကို တစ်ဂိုး-ဂိုးမရှိ၊ ရိန်းဂျားစ်က လူဒိုဂိုရက်စ်ကို တစ်ဂိုး-ဂိုးမရှိ၊ ရိုးမားက စတုဂတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆောလ်ဘတ်က ဘေဆယ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။ **အောင်ဇော်**

**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**



မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများတွင် မီးရှို့ခြင်း၊ သစ်တောကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများတွင် တောမီးရှို့ခြင်းများမှတစ်ဆင့် မီးလောင်ဆုံးရှုံးမှုများမဖြစ်ပွားစေရေး ဇန်နဝါရီ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလင်းကျော်၊ မကွေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုး၊မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်ချမ်းငြိမ်းကျော် နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်





၁



၂

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၈)မှ သင်တန်းသားများကို ကွံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရသည် -

၁။ ရရှိခဲ့တဲ့ဆုကတော့ စစ်ရေးပြအကောင်းဆုံးပါ။ တော်တော်လေး သင်ကြားခဲ့ရပါတယ်။ တော်တော်လည်း ခက်ခဲပါတယ်။ စစ်ရေးပြဆု ဆိုတာကလည်း လွယ်တော့ မလွယ်ပါဘူး။ တော်တော်လေးလည်း ကြိုးစားခဲ့ရပါတယ်။ အများကြီး ကြားထဲကမှ တစ်ယောက်တည်း ထူးထူးချွန်ချွန် ရခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် တပ်မတော်ကို ဝင်လာတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ ကျွန်တော့် အဖေကလည်း စစ်မှုထမ်းပါ။ ကျွန်တော့်အကိုလည်း စစ်မှုထမ်းပါပဲ။ ဒီနိုင်ငံကို ဖျက်ဆီးနေတဲ့ ဒီသောင်းကျန်းသူ လက်နက်ကိုင်တွေကို ချေမှုန်းချင်တဲ့ စိတ်လည်း ပါပါတယ်။ အဲဒီရည်ရွယ်ချက်ကြောင့် ဝင်လာတာပါ။ ကျွန်တော်တို့ စစ်သားဘဝက ဘယ်နေရာရောက်ရောက် တာဝန်ထမ်းဆောင်ရမှာပဲ ဖြစ်ပါတယ်။ ရောက်တဲ့နေရာမှာလည်း ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှာပါ။

၂။ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ ကျင့်ဝတ် (၆၀) ဆု ဖြစ်ပါတယ်။ ကျွန်တော် ကျင့်ဝတ် (၆၀) တစ်စောင်လုံးကို အလွတ်ကျက်ခဲ့ပါတယ်။ တပ်မတော်က ခေါ်ဆောင်တဲ့ ပြည်သူ့စစ်မှုထမ်းကာလမှာ အရပ်သားတွေမသိတဲ့ စစ်ပညာတွေကို ကျွန်တော်တို့ လေ့လာခွင့်ရရှိခဲ့ပါတယ်။ အဲအတွက်လည်း တပ်မတော်ကြီးကို အထူး ကျေးဇူးတင်ရှိပါတယ်။ စစ်မှုထမ်းသက်တမ်းပြည့်တဲ့အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါ့မယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ တပ်မတော်ဆိုတာ ပြည်သူလူထုကို ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ မိမိရောက်ရှိတဲ့ တပ်ရင်းတွေမှာ၊ မိမိရောက်တဲ့ ဒေသ၊ မိမိရောက်ရှိတဲ့ စစ်တိုင်းဌာနချုပ်တွေမှာ ပြည်သူလူထုကို ကာကွယ်ဖို့ တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၈)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး Digital နည်းလမ်းဖြင့် မှတ်ပုံတင်ရန်အသုံးပြုလျက်ရှိသည့် Software များဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကကျင်းပသော စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း လုပ်ငန်းဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး Digital နည်းလမ်းဖြင့် မှတ်ပုံတင်ရန်အတွက် အသုံးပြုလျက်ရှိသည့် FDMS နှင့် DDMS Software များအား Upgrade and Technical Support လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနရုံးဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ကြေးတိုင်၊ စီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရဲထွန်းက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ အရာထမ်း၊ အမှုထမ်း ၁၂၁ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၃ ရက်အထိ ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော အမှတ် 39B ရှုခင်းသာလမ်း ရွှေပင်လုံအိမ်ရာ (၂၇)ရပ်ကွက် မြောက်ဒဂုံမြို့နယ်ရှိ Premium Sojitz Logistics Co., Ltd. မှ အာမခံအလုပ်သမား ဦးအောင်ငြိမ်းချမ်း၏ ၈-၁၁-၂၀၂၄ ရက်တွင် လုပ်ငန်းခွင်(ပြင်ပ) ထိခိုက်ဒဏ်ရာရခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပစဉ်။ မြင့်မြင့်ရီ(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ပြည့်ဖြိုးကျော်နှင့် သက်ထွန်းဇော်(ခ) စော်ကဲတို့နှစ်ဦးကို ပြည်ကြီးတံခွန်မြို့နယ် စက်မှုရပ် ၆၂ လမ်းနှင့် ၁၄၁ လမ်းထောင့်၌ MDY-17 9I-xxxx TOYOTA CROWN ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြည့်ဖြိုးကျော် နေထိုင်သည့် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၈ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၄ သိန်း (၎င်းဒေသတန်ဖိုး ငွေကျပ် ၄ ဒသမ ၅၆ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူများမှာ တောင်ကြီးမြို့နယ်နေ စိုင်းဇော်လတ် (ဖမ်းဆီးရန်ကျန်)နှင့် မိတ္ထီလာမြို့နယ်နေ ဝေယံစိုး (ခ)မောင်ရှမ်း (ဖမ်းဆီးရန်ကျန်)တို့၏ အစီအမံဖြင့် ရမည်းသင်းမြို့နယ်မှ မန္တလေးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ဂျီးရီးယားတစ်သန်းကျော် အရေးပေါ်အစားအသောက်အကူအညီ ဆုံးရှုံးရမည့်အန္တရာယ်နှင့် ကြုံတွေ့နေရ



**အဘူဂျာ ဇန်နဝါရီ ၂၃**
နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ လူပေါင်း တစ်သန်းကျော်မှာ ရန်ပုံငွေအသစ်မရရှိပါက လာမည့်သီတင်းပတ်များအတွက် အရေးပေါ်အစားအသောက်နှင့် အာဟာရအကူအညီများ ဖြတ်တောက်ခံရမည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်က ဇန်နဝါရီ ၂၂ ရက်တွင် သတိပေးခဲ့သည်။

အာဖရိက၏ လူဦးရေအထူထပ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားတွင် ပထမဆုံး အကြိမ်အဖြစ် ရန်ပုံငွေလျော့ကျမှုကြောင့် ကူညီထောက်ပံ့မှုများကို လူပေါင်း ၇၂၀၀၀ အထိကန့်သတ်သွားမည်ဟု ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ နိုင်ငံဂျီးရီးယားဆိုင်ရာညွှန်ကြားရေးမှူး ဒေးဗစ်စတီဗင်ဆင်က ပြောသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကူညီထောက်ပံ့မှုများ စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရေး လာမည့်ခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၁၂၉ သန်း အရေးပေါ်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံသည် မကြာသေးမီနှစ်များအတွင်းက အဆိုးရွားဆုံးသော ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။

လူပေါင်း ၃၅ သန်းခန့်မှာ ၂၀၂၆ ခုနှစ်အတွင်း ဆိုးရွားသည့် အစားအသောက်မလုံလောက်မှုဘေးအန္တရာယ်နှင့်ကြုံတွေ့ရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ ၂၀၁၅ ခုနှစ်မှစတင်ကာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် အစားအသောက် အကူအညီများကို ထောက်ပံ့ပေးခဲ့သည်။

နှစ်စဉ် အမျိုးသား အမျိုးသမီးနှင့်ကလေးပေါင်း နှစ်သန်းခန့်ကို အစားအသောက်ကူညီပေးနိုင်ခဲ့သည်။ သို့သော်လည်း အသစ်တဖန်ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများကြောင့် ကျေးလက်နေ အသိုက်အဝန်းများကို ပျက်စီးစေခြင်း၊ မိသားစုများ နေရပ်စွန့်ခွာထွက်ပြေးရခြင်း၊ အရန်ထားရှိသည့် အစားအသောက်များ ဖျက်ဆီးခံရခြင်းနှင့် ငတ်မွတ်မှုဘေး ကို ပို၍ဆိုးရွားစေခဲ့သည်ဟု အေဂျင်စီက ပြောသည်။

ပြီးခဲ့သည့်လေးလအတွင်း လူပေါင်း ၃ ဒသမ ၅ သန်း နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး မြောက်ပိုင်း ဒေသများတွင် အာဟာရချို့တဲ့မှုဘေးအန္တရာယ်မှာ စိုးရိမ်ရသည့်အခြေအနေအထိ ဆိုးရွားလာခဲ့သည်။

**ဆင်ဟွာ**



# တူကီယဲနိုင်ငံမှ ဆီးရီးယားသို့ ၂၇၃ ဒသမ ၄ ဘီလီယံ ဒေါ်လာတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၃**
တူကီယဲနိုင်ငံ၏ ပို့ကုန်သည် ၂၀၂၅ ခုနှစ်အတွင်း ဆီးရီးယားနိုင်ငံသို့ ၆၉ ဒသမ ၆ ရာခိုင်နှုန်း တစ်ဟုန်ထိုး တိုးမြင့်ခဲ့ကြောင်း သိရသည်။ အဆိုပါပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရရှိကြောင်း တူကီယဲ ပို့ကုန်တင်ပို့သူ အဖွဲ့အစည်း (တီအိုင်အမ်)က ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

ဓာတုဗေဒ ပစ္စည်းများနှင့် ထုတ်ကုန်များသည် ဒေါ်လာ သန်း ၃၀၀ ခန့်ရှိရာ ၇၈ ဒသမ ၆ ရာခိုင်နှုန်း၊ လျှပ်စစ်နှင့် လျှပ်စစ်ဆိုင်ရာ ထုတ်ကုန်များမှာ ဒေါ်လာ ၂၂၄ သန်းဖြင့် ၆၁ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်း ပြည်နယ် ဂါဇင့်တက်က ရောင်းအား ဒေါ်လာ ၆၅၃ သန်းဖြင့် ဆီးရီးယားနိုင်ငံသို့ ထိပ်တန်းတင်ပို့နိုင်ပြီး ၂၀၂၄ ခုနှစ်ကထက် ၃၅ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်ကြောင်း သိရသည်။ ယင်းနောက် အစ္စတန်ဘူလ်က ဒေါ်လာ ၃၈၂ သန်း၊ အန်ကာရာက ဒေါ်လာ ၂၈၂ သန်း တင်ပို့နိုင်ခဲ့သည်။

တူကီယဲနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ၏သမိုင်းတွင် အမြင့်ဆုံး ပို့ကုန်ပမာဏအဖြစ် အမှတ်အသားဖြစ်သည့် ၂၇၃ ဒသမ ၄ ဘီလီယံ ဒေါ်လာ တင်ပို့နိုင်ခဲ့ရာ ၂၀၂၄ ခုနှစ်ထက် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်ပင်လယ်ကမ်းရိုးတန်းဒေသများတွင် နှင်းထူထပ်စွာ ကျရောက်

**တိုကျို ဇန်နဝါရီ ၂၃**
ပြင်းထန်သည့်ဆောင်းရာ အမျိုးအစား လေထုဖိအားပုံစံကြောင့် ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒေသများ၌ ဇန်နဝါရီ ၂၃ ရက်တွင် နှင်းများ ဆက်လက်ကျဆင်းမည်ဟု ဂျပန်မိုးလေဝသအာဏာပိုင်များက ပြောကြားသည်။ သီတင်းပတ်ကျော်အထိ နှင်းများထူထပ်စွာကျဆင်းနိုင်သည်ဟု အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းမှ ၂၅ ရက် မွန်းလွဲပိုင်းအထိ ၂၄ နာရီအတွင်း နီအိဂါတာပြည်နယ်၊ ဟိုခုရိခုဒေသ၊ တိုဟိုခုဒေသနှင့် ဂီဖုပြည်နယ်တို့တွင် ၇၀ စင်တီမီတာအထိ၊ ဟော့ကိုင်းဒိုးပြည်နယ်တွင်လည်း ၄၀ စင်တီမီတာအထိ နှင်းများကျဆင်းနိုင်ကြောင်း မိုးလေဝသအာဏာပိုင်များက ပြောကြားသည်။

နှင်းထူထပ်စွာ ကျရောက်မှုကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ဓာတ်အားပြတ်တောက်ခြင်းနှင့် နှင်းပြိုကျခြင်းတို့အတွက် ပြည်သူများ သတိပြုနေထိုင်ကြရန် အေဂျင်စီက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



# ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန် ၁၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာ

**ဘန်ကောက် ဇန်နဝါရီ ၂၃**
ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်လည်း ဆက်လက်၍ ၁၈ လ ဆက်တိုက်တိုးတက်လာခဲ့သည်။ အဓိကအားဖြင့် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများအပါအဝင် စက်မှုထုတ်ကုန်များကြောင့် တိုးတက်လာခြင်းဖြစ်သည်ဟု ဇန်နဝါရီ ၂၃ ရက်က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ပို့ကုန်လုပ်ငန်းမှာ ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး လွန်ခဲ့သည့်လအတွင်းက ၁၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၉၃ ဘီလီယံဝင်ငွေရရှိခဲ့သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်မှုလုပ်ငန်းပို့ကုန်များမှ ဒီဇင်ဘာလတွင် သိသိသာသာ တိုးတက်လာခဲ့ပြီး ဖုန်းအစိတ်အပိုင်းများ၊ ကွန်ပျူတာများ၊ စက်ပစ္စည်းများနှင့် အစိတ်အပိုင်းများ ရောင်းအားကြောင့် ၂၁ လတိုင်တိုင် ရောင်းအားတိုးတက်မှုရှိခဲ့သည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားလေကြောင်းလိုင်းလေယာဉ်ပျက်ကျမှု သေဆုံးသူအားလုံးတွေ့ရှိ

**ဂျကာတာ ဇန်နဝါရီ ၂၃**
ခုနစ်ရက်ကြာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် အင်ဒိုနီးရှားလေကြောင်းလိုင်း ATR 42-500 လေယာဉ်ပျက်ကျမှုမှ သေဆုံးသူအားလုံး၏ ရုပ်အလောင်းများကို တောင်ဆူလာဝေစီပြည်နယ် ဘူလူစာရမ်တောင်စောင်းတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ဇန်နဝါရီ၂၃ ရက်တွင် အတည်ပြုသည်။

လေယာဉ်အမှုထမ်း ခုနစ်ဦးနှင့်ခရီးသည် သုံးဦးတို့ လိုက်ပါလာသော PK-THT မှတ်ပုံတင်ထားသည့် ATR 42-500 အမျိုးအစား လေယာဉ်သည် ဇန်နဝါရီ ၁၇ ရက်က မကာဆာသို့ ပျံသန်းထွက်ခွာလာစဉ် ပျက်ကျခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

ရက်သတ္တပတ်ကြာ ရှာဖွေကယ်ဆယ်မှုများအတွင်း အခြေအနေအမျိုးမျိုးဖြစ်နေသော ရုပ်အလောင်းများကို ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့က စွန်ရဲအဖွဲ့နှင့်ပူးပေါင်းရှာဖွေတွေ့ရှိခဲ့ပြီး မှုခင်းဆိုင်ရာ ဖော်ထုတ်မှုများ ပြုလုပ်နိုင်ရန် ၎င်းတို့ကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့သည်ဟု စစ်ဘက်တာဝန်ရှိသူ ထရိုင်ယိုဟာဒီက ပြောသည်။

အင်ဒိုနီးရှားအာဏာပိုင်များသည် သေဆုံးသူများ၏ မိသားစုဝင်များအား ဝမ်းနည်းကြောင်း ဖော်ပြပြီး မှုခင်းဆိုင်ရာဖော်ထုတ်ရေးလုပ်ငန်းစဉ်နှင့် လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုထားသည်။ **ဆင်ဟွာ**

# အာဖရိကတိုက်တစ်ဝန်း မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုဆိုင်ရာ အရေးပေါ်အခြေအနေ ရုပ်သိမ်း

**အဒစ္စအဘာဘာ ဇန်နဝါရီ ၂၃**
အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (Africa CDC) သည် အာဖရိကတိုက် လုံခြုံရေးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ပြဌာန်းခဲ့သော အာဖရိကတိုက် နိုင်ငံပေါင်းစုံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားမှု ကြေညာချက်ကို ဇန်နဝါရီ ၂၂ ရက် နှောင်းပိုင်းက ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

ယခုကဲ့သို့လုပ်ဆောင်နိုင်ခဲ့ခြင်းက အာဖရိကတိုက်ကြီး၏ကျန်းမာရေးဆိုင်ရာ လုံခြုံရေး၊ ထိရောက်သော ခေါင်းဆောင်မှု၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ရှုပ်ထွေးသော ပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုများကို စီမံခန့်ခွဲရာတွင် အောင်မြင်သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မီးမောင်းထိုးပြခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ **ဆင်ဟွာ**

❒ *ကျောဖုံးမှ*

တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မန္တလေး-မတ္တရာ-စဉ့်ကူး - သပိတ်ကျင်းဆက်သွယ်ရေးလမ်းကြောင်း၊ သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းများအား အပြည့်အဝ ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်ခဲ့မှုများအပေါ် စိတ်ပျက်နောင်တရမှုများနှင့်အတူ ၎င်းတို့အဖွဲ့အတွင်း အနိုင်ကျင့် ဗိုလ်ကျမှုများကို လက်ခံနိုင်ခြင်းမရှိတော့ဘဲ ဥပဒေဘောင်အတွင်းသို့ အသီးသီး ပြန်လည် ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၄၁ ဦးနှင့်အမျိုးသမီး ၈ ဦး၊ ပေါင်း ၁၄၉ ဦးတို့ကို တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေများအလိုက် ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား သုံးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၆၉ ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ကိုးဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား သုံးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ငါးဦး၊ မတ္တရာ မြို့နယ်မှ အမျိုးသား ငါးဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငဖဲမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ အောင်လံမြို့နယ်မှ အမျိုးသား သုံးဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသားနှစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၄၉ ဦးတို့အား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပက်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား မောင်းပြန်ရိုင်ဖယ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ၁၀ လက်အတွက် ငွေကျပ်သိန်း ၅၀၀၊ ပစ္စတိုသေနတ်တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် သိန်း ၂၀ နှုန်းဖြင့် သုံးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၊ လက်လုပ်သေနတ်တစ်လက်နှုန်းအတွက် ဆုကြေးငွေ ငါးသိန်း၊ လက်ပစ်ဗုံးတစ်လုံးစီအတွက် ဆုကြေးငွေကျပ်သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံး ၁၁ လုံးအတွက် ငွေကျပ် ၃၃ သိန်း၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေးငွေနှစ်သိန်းနှင့် တိုင်းဒေသကြီးအစိုးရမှ လက်နက်မပါရှိဘဲ အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၃၅ ဦးအတွက် ဆုကြေးငွေကျပ် ၁၃၅ သိန်း စုစုပေါင်းငွေကျပ် ၇၃၅ သိန်းအား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၀ လက်၊ ပစ္စတို သုံးလက်၊ လက်လုပ်သေနတ် တစ်လက်၊ လက်ပစ်ဗုံး ၁၁ လုံး၊ စကားပြောစက် တစ်လုံး၊ ကျည်အိမ် ၁၆ ခု၊ ကျည် ၁၂၆၇ တောင့်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲ ဝင်ရောက်သွားတဲ့ပုံစံကတော့ ကျွန်တော့်အိမ်၊ မိသားစုနဲ့အဆင်မပြေဖြစ်နေတဲ့အချိန် အပြင်ထွက်ပြီး သူငယ်ချင်းအိမ်သွားနေပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေ အကုန်လုံးက ဒီအကြမ်းဖက်အဖွဲ့အစည်းထဲ ဝင်သွားကြတာပါ။ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့တဲ့အချိန်မှာ ကျွန်တော်လည်း သူတို့နောက်ကို လိုက်ပြီးဝင်သွားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ R-2 လို့ခေါ်တဲ့ လူသစ်စုဆောင်းရေးဌာနကို ကျွန်တော်တို့ကိုပို့ပါတယ်။ အဲဒီ လူသစ်စုဆောင်းရေးဌာနမှာ ကျွန်တော်တို့ တစ်လလောက်နေခဲ့ရပါတယ်။ တစ်လလောက်နေပြီးတဲ့အချိန်မှာ ကျွန်တော်တို့ ပန်းအိုးကြီး ပန်းအိုးလေးနားက သင်တန်းကွင်းကို တစ်ခါထပ်ပို့ပါတယ်။







သူတို့ကတော့ စိတ်ဓာတ်စစ်ဆင်ရေးဘာညာပြောတာပေါ့။ ဒါပေမယ့် အဲဒီသင်တန်းကွင်းမှာတင် အဲဒီလိုကြမ်းတမ်းပြီး သေတဲ့သူလည်း သေသွားကြပါတယ်။ ထမင်းကျတော့ မဝရေစာပဲကျွေးပါတယ်။ စားရတော့ ကန်စွန်းရွက်ရေလုံပြုတ်၊ ခရမ်းသီးရေလုံပြုတ်တို့ပဲစားရတာများပါတယ်။ သင်တန်းဆရာတွေကလည်း မိန်းကလေးတွေဆိုရင် သွားပြော မယားပြော ပြောတာတွေရှိပါတယ်။ ကျွန်တော် သင်တန်းကာလပြီးသွားတဲ့အခါမှာ လုံခြုံရေးဌာနကို ရောက်သွားပါတယ်။ စဉ့်ကူးမြို့လို့ခေါ်တဲ့ စဉ့်ကူးမြို့မှာဂိတ်စောင့်ရပါတယ်။ ပြည်သူတွေရွှေလုပ်လာလို့ ပြည်သူတွေဆီကအခွန် ကောက်ရတာပေါ့။ ဆိုင်ကယ်တွေဖြတ်သွားလို့ရှိရင်လည်း အခွန်ကောက်ရတယ်ပေါ့။ ကျွန်တော်တို့အောက်ကရဲဘော်တွေ အဲလိုလုပ်ရပါတယ်။ ဒါပေမယ့် အထက်ကအရာရှိပိုင်းတွေကတော့ စဉ့်ကူးမြို့နယ်ထဲက ရွှေတွင်းတွေမှာ သူကလိုက်ပြီး အခွန်ကောက်တယ်။ ဆက်ကြေးကောက်တယ်။ ပြီးရင် သူတို့ကိုယ်ကျိုးတွေအတွက်ပဲ အသုံးပြုသွားကြပါတယ်။ ရပ်ရွာထဲက ပြည်သူတွေက မင်းတို့လိုအကြမ်းဖက်အဖွဲ့အစည်းတွေကို ရေတောင်မတိုက်ချင်တော့ဘူးလို့ ပြောပါတယ်။ မင်းတို့ကို ငါတို့က မသဒ္ဓါတော့ဘူးပေါ့။ အဲဒီလိုစကားတွေကြားရတော့ ကျွန်တော်တို့ရွေးချယ်ခဲ့တဲ့လမ်းက တော်တော်မှားနေပြီလို့ ကျွန်တော်သိခဲ့ရပါတယ်။ နောင်တလည်း တော်တော်ရပါတယ်။ ပြည်သူတွေလည်း အားနာမိတယ်။ အဲဒါနဲ့ ကျွန်တော်အလင်းဝင်ဖို့ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်အစ်ကိုဆီ ကျွန်တော်ဆက်သွယ်ခဲ့ပါတယ်။ အဲဒီမှာ အစ်ကိုက ငါ့ညီဘာမှမဖြစ်ဘူး အာမခံတယ်။ အစ်ကိုကြီးကိုယ်တိုင် လိုက်ပို့ပေးမယ်ဆိုပြီး ကျွန်တော်သူ့ဆီ သွားလိုက်ပါတယ်။ အဲဒီမှာ သူက တပ်မတော်က ဗိုလ်ကြီးတွေဆီ လိုက်ပြီးပို့ပေးပါတယ်။ သင်တန်းကွင်းမှာ တန်းစီတိုင်း မှိုင်းတိုက်ခံရတာကျတော့ မင်းတို့ဟိုဘက်ကို အလင်းဝင်သွားရင်တော့ ဟိုဘက်ကမင်းတို့ကို ညှဉ်းပန်းနှိပ်စက်ပြီး သတ်မှာပဲ။ မင်းတို့ မိသားစုတွေလည်း ဒုက္ခရောက်မှာ။ အဲဒီလိုမျိုးတွေ မှိုင်းတိုက်ထားပါတယ်။ ကျွန်တော်တို့ကလည်း အရဲစွန့်ပြီး လာရတာပါ။ တကယ့်တကယ်ကျတော့ တပ်မတော်က ညီအစ်ကိုတွေ ကျွန်တော်တို့ကို ကြိုဆိုကြတာ သူတို့ပြောတာနဲ့ တခြားစီပဲ။ အဲဒီလိုပဲ ကျန်ခဲ့တဲ့ညီအစ်ကိုမောင်နှမတွေလည်း အမြန်ဆုံး အလင်း လာဝင်စေချင်ပါတယ်။ ဒီအကြမ်းဖက် အဖွဲ့အစည်းရှိနေလို့ ကျွန်တော်တို့နိုင်ငံကြီးဟာလည်း တိုးတက်ဖွံ့ဖြိုးမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အနာဂတ်စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဒီအကြမ်းဖက်အဖွဲ့အစည်းတွေ မရှိဖို့လိုပါတယ်။ ဒါကြောင့် ဒီအကြမ်းဖက်အဖွဲ့အစည်းထဲရောက်နေတဲ့ ညီအစ်ကိုတွေကိုလည်း အမြန်ဆုံးအလင်းလာဝင်ပြီးတော့ အမြင်မှန်ရပြီး ဝင်စေချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း နောက်နောင်ဒီအကြမ်းဖက် အဖွဲ့အစည်းထဲမှာ ဘယ်တော့မှ မပတ်သက်တော့ပါဘူးလို့ ပြည်သူတွေရှေ့မှာ ကတိသစ္စာပြုအပ်ပါတယ်။

၂။ ကျွန်တော့် သူငယ်ချင်းအရင်းက ကျွန်တော့်ကို သူငယ်ချင်း မင်းအလုပ်လုပ်မှာလား၊ အလုပ်လုပ်ချင်လို့ရှိရင် အလုပ်ခေါ်မယ်။ ပိုက်ဆံလည်း အေးအေးဆေးဆေးလေးနဲ့ရမှာပါ။ အလုပ်ကလည်း သက်သာတယ်။ မင်းတို့ ကွန်ပျူတာလေးပဲ ထိုင်နှိပ်ရုံပဲလို့ ပြောပြီးတော့မှ ကျွန်တော့်ကို ခေါ်သွားခဲ့တယ်။ အဲဒီလိုမက်လုံးတွေပေးပြီးတော့ အဲဒါနဲ့ကျွန်တော် လက်ပံလှ လူသစ်စုဆောင်းရေးကိုရောက်တယ်။ လက်ပံလှလူသစ်စုဆောင်းရေးမှာ တစ်ရက်နေခဲ့ရတယ်။ အဲဒီမှာတစ်ရက်နေခဲ့ပြီးတော့ ကျွန်တော်တို့ R-2 ဆိုတဲ့ လူသစ်စုဆောင်းရေးကိုထပ်ရောက်တယ်။ အဲဒီမှာတော့ တစ်လခွဲလောက်နေခဲ့ရတယ်။ တစ်လခွဲလောက်နေပြီးတော့ ကျွန်တော်တို့ အဲဒီမိုးကုတ်ဆိုတဲ့ သင်တန်းကွင်းကို ရောက်ပါတယ်။ မိုးကုတ်ဆိုတဲ့ သင်တန်းကွင်းမှာ ပလောင်ဆရာတွေက သူတို့ရဲ့လူမျိုးရေးခွဲခြားဆက်ဆံမှုတွေရယ်၊ ဖိနှိပ်ဆက်ဆံမှုတွေရယ် အများကြီးပေါ့ဗျာ။ အဲဒီဒဏ်တွေကို ကျွန်တော်တို့ ခါးခါးသီးသီးခံခဲ့ရပါတယ်။ ကျွန်တော်တို့ ထမင်းစားရတဲ့အခါမှာလည်း ထမင်းကိုကောင်းကောင်းမွန်မွန်မစားရဘူး။ ထမင်းကို ဘူးသီးရေလုံပြုတ်၊ ခရမ်းသီးရေလုံပြုတ် အဲလိုတွေကျွေးပါတယ်။ ထောက်ပို့ကို တစ်ပတ်လောက်လုပ်ပြီးတော့ ကျွန်တော်တို့ရှေ့တန်းကို သေနတ်ပေးပြီးတော့မှ ရှေ့တန်းကို လွှတ်ပါတယ်။ လွှတ်ပြီးတော့ ကျွန်တော်တို့ တပ်မတော်စစ်ကြောင်းနဲ့တွေ့ပါတယ်။ တပ်မတော်က စစ်ကြောင်းနဲ့တွေ့တော့ ကျွန်တော်တို့ ခွေးပြေး၊ ဝက်ပြေး ပြေးခဲ့ရပါတယ်။ လက်နက်တွေချပြီးတော့ ပြေးခဲ့ရတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ အသက်ဘေးကနေလုပြီးတော့ပြေးခဲ့ရတာတွေလည်း ရှိပါတယ်။ ပြည်သူတွေကို သူတို့တွေ အနိုင်ကျင့်နှိပ်စက်တာတွေကို ကျွန်တော်မကြိုက်လို့ ကျွန်တော့်ကိုယ် ကျွန်တော်ရုန်းထွက်ဖို့ ကြိုးစားခဲ့ပါတယ်။ မြန်မာ့တပ်မတော်က ကောင်းကောင်းမွန်မွန် နွေးနွေးထွေးထွေး ကြိုဆိုနေတဲ့အချိန်မှာ လာပြီးတော့ အလင်းဝင်ကြပါ။ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးအားမြှောက်မပြုဖို့လည်း ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ကျွန်တော်ဆိုရင်လည်း နောင်တတွေ အများကြီးရခဲ့ပါတယ်။ ကျွန်တော်လုပ်ခဲ့တဲ့ ဒီအကြမ်းဖက်အဖွဲ့အစည်းနဲ့ ကျွန်တော်ပေါင်းပြီးတော့ ကျွန်တော်တို့ပြည်သူတွေကို ဖိနှိပ်ဆက်ဆံတာတွေ၊ ရိုက်နှက်တာတွေ လုပ်ခဲ့တာတွေလည်း ရှိပါတယ်။ အဲဒါတွေအကုန်လုံးအတွက် ပြည်သူတွေကို ကျွန်တော်စိတ်ရင်းနဲ့ ကျွန်တော့်ကို ခွင့်လွှတ်ကြပါလို့ တောင်းပန်ချင်ပါတယ်ခင်ဗျာ။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး (၁)စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငုက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ၅ခုစီနှင့် နောက်ခြေသည်း ၄ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၃ နှစ် ၆ လသားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၅ လက်မ ၊ ကိုယ်လုံးလုံးပတ် ၈ ပေ ၂ လက်မ ၊ ကိုယ်အလေးချိန်ပေါင် ၁၆၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့် သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေါက်တာချိုချိုတင့်(မြန်မာစာ)၏ "မြန်မာပြောစကား စကားပန်းအိမ်" စာအုပ်ထုတ်ဝေ

**နေပြည်တော် ဇန်နဝါရီ ၂၃**

နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့ပြီဖြစ်သော မြန်မာစာပေပန်းဥယျာဉ်အိမ်ကြီးထဲတွင် မြန်မာပြောစကား စကားပန်းများသည် အမျိုးအစားအရောင်အသွေးစုံလင်စွာဖြင့် လန်းစွင့်ဝေဆာ အသုံးဝင်လျက်ရှိနေကြပုံကို "မြန်မာပြောစကား စကားပန်းအိမ်"ဟု တင်စားသုံးနှုန်း ခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်ပေသည်။

မြန်မာတို့သည် အချင်းချင်း နားလည်လွယ်သော အဓိပ္ပာယ်ရှိသော စကားလုံးများကို အသုံးပြုကာ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ကို နှစ်ပေါင်းထောင်ချီပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ မြန်မာပြောစကားများသည်လည်း ပရိယာယ်ကြွယ်ဝသော အနက်အဓိပ္ပာယ်များစွာဖြင့် မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံများ၊ အတွေ့အကြုံ၊ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းများကို ဖော်ညွှန်းပြဆိုနေပါသည်။

မြန်မာအက္ခရာ၊ မြန်မာစာ၊ မြန်မာပြောစကားများကို စုံစုံလင်လင် ပေါ့ပေါ့ပါးပါး လေ့လာဖတ်ရှုရန် အများသုံး စာအုပ်စာတမ်း ရှားပါးလှသည့်အတွက် ဤစာအုပ်ပါဆောင်းပါးများအရ မြန်မာစာပေကို စိတ်ဝင်စား ချစ်မြတ်နိုးသော စာဖတ်သူများအတွက်လည်း အကျိုးရှိစေမည်။ မြန်မာစာပေကို စတင်လေ့လာသင်ယူမည့် ပြည်တွင်းပြည်ပ ကျောင်းသားကျောင်းသူများအတွက်လည်း အသုံးဝင်စေမည်ဟု ယုံကြည်ယူဆမိပါသည်။

အဆိုပါစာအုပ်သည် မြန်မာစာပေလောကအတွက် လည်းကောင်း၊ မြန်မာစာပေ ချစ်မြတ်နိုးသူများအတွက် လည်းကောင်း၊ မြန်မာစာပေကို စိတ်ဝင်တစား လေ့လာနေကြသော နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှ သုတေသီများအတွက်လည်းကောင်း အထူးအသုံးဝင်မည်ဟု ယုံကြည်ယူဆပါသဖြင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်၊ ဖုန်း-၀၉-၈၈၃၄၈၃၇၁၈၊ ၀၉-၉၇၃၆၅၃၆၂၅ က ရောင်းဈေးငွေကျပ် ၁၂၀၀၀၊ ဝုဖရီးစက္ကူဖြူချော ရောင်စုံသရုပ်ဖော်ပုံများဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

**သတင်းစဉ်**




# အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ညောင်ခြေထောက်)သို့ ဘာသာရပ်အထောက်အကူပြုပစ္စည်းများ လှူဒါန်း



**ဖြူး ဇန်နဝါရီ ၂၃**

အုတ်တွင်းမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ညောင်ခြေထောက်)သို့ ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ဘာသာရပ် အထောက်အကူပြု ပစ္စည်းများကို ဇန်နဝါရီ ၂၂ရက်က သွားရောက်ပေးအပ်လှူဒါန်းသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် သကြားထွက်သီးနှံဌာနခွဲ၏ ကြံသီးနှံဆိုင်ရာ ဘာသာရပ် သင်ထောက်ကူစာအုပ်များ၊ လက်ကမ်းစာစောင်များကို ကြံသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ညောင်ပင်သာ) တာဝန်ခံ ဦးကျော်အောင်က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ဒေးဒရဲမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃)တွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ဒို့အတူတူ မဲပေးကြမယ် ပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် ပူးပေါင်းအဖွဲ့များက ဇန်နဝါရီ ၂၂ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ အေဇာလင်း

# ချောင်းဆုံမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ချောင်းဆုံ ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဇန်နဝါရီ ၂၁ ရက်က ကလ္လိ(အထက)ကျောင်းခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

အဆိုပါ စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် မြို့နယ်အားကစားမှူး ဒေါ်သက်ငုံဖူးတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ လေးဦးက




လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ကျန်းမာရေး၊ ဝန်းကျင်ကမ္ဘာထိန်းသိမ်းရေး အိုဇုန်းလွှာအလေးပေးနှင့် ကြိုတင်ပြင်ဆင်အောင်ပွဲဝင် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး အသိပညာပေး နံရံကပ်စာစောင်များ ပြသသည်။

**ကိုကျော်(ချောင်းဆုံ)**



ငပုတောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးနှင့် ဝန်ထမ်းများက လူစည်ကားရာနေရာများ၌ ဇန်နဝါရီ ၂၂ ရက်က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ အောင်သူ(ပြန်/ဆက်)

# ကယားပြည်နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများ မြေပြင်ကွင်းဆင်းတိုင်းတာ



**လွိုင်ကော် ဇန်နဝါရီ ၂၃**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားများကို ဒီဇိုင်းရေးဆွဲနိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲအဖွဲ့၊ လွိုင်ကော်ခရိုင် တာဝန်ခံနှင့် လွိုင်ကော်မြို့နယ် တာဝန်ခံတို့က မြေပြင်ကွင်းဆင်း တိုင်းတာခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

**မေစု(ပြန်/ဆက်)**

**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကို ဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကိုရှောင်ကြဉ်ပါ**

## ကော့မှူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကော့မှူး ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (အ.ထ.က) ထန်းမနိုင် ကျောင်းခန်းမ၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဟောပြောပွဲတွင် ကော့မှူးမြို့နယ် သစ်တောဦးစီးဌာန ဌာနမှူး ဦးလှမင်းနှင့် တာဝန်ရှိသူများက သစ်တောများက ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင် ထိန်းသိမ်းရေးအကြောင်း၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံနှင့် ဆိုးကျိုးများအကြောင်း၊ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် တောမီးလောင်ကျွမ်းမှု လျှော့ချစေနိုင်မည့် နည်းလမ်းများကို ဟောပြောခဲ့သည်။

**ကျော်သူရ(ကော့မှူး)**

## တီးတိန်မြို့၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆွေးနွေးဟောပြော

**တီးတိန် ဇန်နဝါရီ ၂၃**

တီးတိန်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် G-9 အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်သင်ကြားပေးမည့် စက်မှုလက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များအတွက် ဆွေးနွေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (တီးတိန်) စံကိုက်ညီကျောင်းဆောင်၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (တီးတိန်) ကျောင်းအုပ်ဆရာကြီး ဦးထန်ကိမ်းခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကိုဆန်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးခွာလ်လျန်းမုန်တို့က ဆွေးနွေးဟောပြောကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဇီးကုန်း ဇန်နဝါရီ ၂၃**

ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပညာမော်ကွန်းကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ကြည်ကြည်စန်းက အမှာစကားပြောကြားသည်။



ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာများ၊ သစ်တောသစ်ပင်အရေးပါပုံတို့ကို ပရိုဂျက်တာဖြင့် အသိပညာပေး ဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောကြေးမုံစာအုပ်များကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

**တင့်ဆွေ(ပြန်/ဆက်)**

## မြိတ်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေး ဟောပြော

**မြိတ် ဇန်နဝါရီ ၂၃**

မြိတ်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်း ဇေယျာမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲ၌ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဇင်ဦးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုစန်းက စာပေဖတ်ခြင်းကြောင့် ရရှိလာသောအကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောသည်။



ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဝေငှပေးပြီး သုတ/ရသ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ ပြသပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)တွင် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး အတွက် ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် ပူးပေါင်းအဖွဲ့က ကျောက်တန်းမြို့နယ်၌ ဇန်နဝါရီ ၂၀ ရက်က ကျောက်တန်းမြို့ မြို့မဈေးတစ်လျှောက် ဈေးရောင်းချသူများနှင့် ပြည်သူများအား ဖြန့်ဝေစဉ်။ သန့်ဇင်ထွန်း(ကျောက်တန်း)

ပင်လောင်းမြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)အတွက် ဒို့အတူတူမဲပေးကြမယ် အသိပေးလက်ကမ်းစာစောင်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၂၃ ရက်တွင် မြို့မဈေး ဈေးရောင်းဈေးဝယ်ပြည်သူများနှင့် လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)





ဇလွန်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူအားလုံး ပါဝင်နိုင်ရန်အတွက် ဒို့အတူတူ မဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၂ ရက်တွင် မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးရှေ့၌ ဖြန့်ဝေစဉ်။ ဝေယံ(ပြန်/ဆက်)



မြစ်သားမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)တွင် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၃ ရက်က ဖြန့်ဝေစဉ်။ ဝါဝါမြင့်(မြစ်သား)



ကျေးသီးမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူများ ပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြ မယ် အသိပညာပေးလက်ကမ်းစာစောင်ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးနိုင်ရေးအတွက် ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များကို ဇန်နဝါရီ ၂၂ ရက်က (၆)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ဖြန့်ဝေစဉ်။ ခရမ်း(ပြန်/ဆက်)



မြင်းခြံမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) တွင် မဲပေးပိုင်ခွင့်သူတိုင်း ဆန္ဒမဲပေးနိုင်ရေး ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၃ ရက်တွင် လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ ချစ်ဦးနွေ(မြင်းခြံ)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ - ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ပြည်သူ့လုံခြုံရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Gao Yuan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့



ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား ပထမအကြိမ် ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး



အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာ ထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှု ကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံ အစိုးရအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများသည် ၎င်းတို့အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများက လွှဲပြောင်း ပေးအပ်မှုအရလည်းကောင်း ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ၆၇၅ ဦး ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၆၇၅ ဦးအနက်မှ ပထမအသုတ်အနေဖြင့် ၁၃၆ ဦး အားမြန်မာ့လေကြောင်းလိုင်း(MAI) ဖြင့် ဇန်နဝါရီ ၂၃ ရက် (ယနေ့) နံနက်အစောပိုင်းတွင် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်ရှိသည့် မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်းစသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆံမြိတ်ရှည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး အမှတ်(၃) မဲရုံမှူး ဦးရဲလင်းဦး (၄၆)နှစ်သည် ကျောင်းဝင်းအတွင်းဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၃)၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရင်နှင့်အတူ မဲပေးစက်များ ပျက်စီးမှုမရှိစေရေး လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာနေ ကျော်မိုးဦး (၃၄)နှစ်မှာ အရက်သေစာ သောက်စားမူးယစ်ကာ ရောက်ရှိလာပြီး မဲရုံမှူး ဦးရဲလင်းဦးအား ညစ်ညမ်းစွာဆဲဆိုခဲ့သဖြင့် ကျော်မိုးဦးအား ဇန်နဝါရီ ၁၅ ရက်တွင် သာစည်မြို့မရဲစခန်း (ပ)၁၇/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ ပြည်သူ့အလုပ်သမားပါတီမှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ကလျာကျော် (၃၅)နှစ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၄) ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းနှင့် ရှင်ထွေးညိုလမ်းထောင့်၌ ပါတီမဲဆွယ်စည်းရုံးရေးအတွက် ဆိုင်းဘုတ်စိုက်ထူရန် ပြုလုပ်နေစဉ် အဆိုပါလမ်းဆုံအနီး အဖျော်ယမကာဆိုင်မှ ဦးမြတ်ကျော်သူ (၄၃) နှစ်နှင့် ၎င်း၏ဇနီး ဒေါ်မိုးသပြေ (၄၁)နှစ်တို့က ဆိုင်းဘုတ်စိုက်ထူခြင်း မပြုလုပ်ရန် နည်းလမ်းမျိုးစုံဖြင့် လာရောက်တားမြစ်ပြီး ဦးမြတ်ကျော်သူက ညစ်ညမ်းသောအပြုအမူဖြင့် ပြုမူလုပ်ဆောင်ခဲ့သဖြင့် မြတ်ကျော်သူနှင့် မိုးသပြေတို့အား ဇန်နဝါရီ ၁၅ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း (ပ)၁၀/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ခရမ်းမြို့နယ် ညောင်ကုန်းကျေးရွာ ရွာလယ်လမ်းပေါ်၌ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားနှစ်ဦးက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအရ ခရမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်မှာ မီးလောင်ပျက်စီးနေသည်ကို တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါကျေးရွာနေ လှငွေးအောင် (ခ) ကိုငွေး (၄၇) နှစ်နှင့် ဖြိုးဇော်အောင် (ခ) ရွှေလိပ် (၂၈)နှစ်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဇန်နဝါရီ ၁၇ ရက်တွင် ခရမ်းမြို့မရဲစခန်း(ပ) ၅/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ဆ/က ရပ်ကွက်နေ ထားထက်ထက် (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် “Htar Htet Htet” Facebook အကောင့်ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင် လွဲမှားစေရန် လှုံ့ဆော်ရေးသားထားသည့် စာသားများအား ရေးသားလွှင့်တင်ခဲ့သည်ကို စိစစ်တွေ့ရှိရသဖြင့် ထားထက်ထက်အား ဇန်နဝါရီ ၁၂ ရက်တွင် သဃ်္ဃန်းကျွန်းမြို့မရဲစခန်း (ပ)၉/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း။

အလားတူ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သိုက်ကျင်းမကျေးရွာနေ ပြည်ခိုင်ဖြိုးပါတီမှ ကျေးရွာစည်းရုံးရေးမှူး ဦးခင်မောင်ဝင်း (၅၂)နှစ်၏ ဦးလေးဖြစ်သူ ဦးမြင့်ဇော်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ ရဲဝင်းနိုင်(ခ) ရဲလေး (၄၆)နှစ် ရောက်ရှိလာပြီး ဦးခင်မောင်ဝင်းအား “ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမပြုရန်နှင့် လုပ်ဆောင်ပါက PDF ကို ဆက်သွယ်ပြီး သတ်ခိုင်းမည်”ဟု ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် ရဲဝင်းနိုင်(ခ) ရဲလေးအား ဇန်နဝါရီ ၁၄ ရက်တွင် ပေါက်ခေါင်းမြို့မရဲစခန်း (ပ)၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄ (က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးနိုင်ရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ Shandong Weifang Rainbow Chemical Co.,Ltd မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Rainbow Agrosciences Co.Ltd. မှ TIMI Agricultural Development Company Limited သို့ ဖြန့်ဖြူးသူ ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်။

| ကုန်သွယ်မှု မြန်မာအမည် | ကုန်သွယ်မှု အင်္ဂလိပ်အမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား/အမှတ် |
|---|---|---|---|
| ရိမ်းစပရေး 720 SL | Rainspray 720 SL | 2,4D Dimethylamine Salt 72% SL | P2024–6513 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**RAINBOW AGROSCIENCES CO., LTD**
ဖုန်း– ၀၉–၄၅၆၀၆၀၁၆၀၊ ၀၉–၄၄၁၁၇၀၁၇၀

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ တိုက်အမှတ် (၃၁၀)၊ အခန်း (ဒုတိယထပ်) (၃လွှာ)၊ အကျယ်အဝန်း (၂၅ပေ × ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဇော် (၁၂/စခန (နိုင်) ၀၀၆၇၄၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဒေါ်လင်းလင်းထက်**
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း /အကွက်အမှတ် ( RA – VI/ကွက်ပြင်–၆) ဦးပိုင်အမှတ် ( ၈ ဃ / ၁၁၃) ၊ မြေဧရိယာ ( ၀ ဒသမ ၁၆၅ )ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကျော်ငွေ ၁/မကတ(နိုင်) ၀၀၁၂၆၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂) ရပ်ကွက်၊ ယင်းမာပင်လမ်းသွယ်၊ မြေတိုင်းရပ်ကွက်နှင့် မြေကွက်အမှတ်(ဇ/၃၂/၈၆၄)၊ မြေဧရိယာပေ (၄၀x၆၀)အကျယ်အဝန်းရှိ ဗိုလ်ကြီးကျော်စိုး အမည်ပေါက်မြေချပါမစ်မြေကွက်မှာ ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ဦးမျိုးဝင်းမောင် (၈/မကန(နိုင်)၁၆၈၉၇၂)၏ ကိုယ်စား ဦးမျိုးမင်းလတ် (၈/မကန(နိုင်)၂၈၇၄၀၃)မှ အဆင့်ဆင့်သော စာချုပ်စာတမ်းအဆက်အစပ်ဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်တင်ထွေးဝင်း (၁၂/ရကန(နိုင်)၀၁၄၈၂၀) ထံမှ (၂၉–၈–၂၀၁၈) ရက်က တရားဝင်စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးမျိုးမင်းလတ်နှင့် ဦးမျိုးဝင်းမောင်၏ သဘောတူခွင့်ပြုချက်မပါဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ ထိုသို့ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် လက်ခံသူအပါအဝင် ပါဝင်ပတ်သက် သူများအားလုံးအား တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမင်းသိန်းအောင်(LL.B)၊ အထက်တန်းရှေ့နေ (စဉ်–၃၇၇၈၁/၂၀၁၁)**
**အမှတ် (၃၃)၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း – ၀၉–၄၂၁၇၁၄၄၈၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/90058, YUNDE 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်ဝင်း ၉/မဟမ(နိုင်) ၀၄၄၈၇၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း(၇၂) ရပ်ကွက်၊ နွယ်သာဂီလမ်း၊ ဒေါ်ခင်လေးမြင့်အမည်ပေါက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၂)၊ မြေကွက်အမှတ်(၉၀၄/ခ)၊ ဧရိယာ (အလျား၂၀ပေ၊ အနံ ၆၀ ပေ) (၀ဒသမ၀၂၇ဧက)ရှိ နှစ် (၆၀) ဂရန်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်လေးမြင့် ၁၂/မရက (နိုင်)၁၀၁၃၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ယုယုအောင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၀၅၈)**
**ဖုန်း– ၀၉–၅၁၁၁၉၅၆၊ ၀၉–၇၉၄၁၅၅၃၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/86903, Shayam–125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်စုမ ၉/မတရ(နိုင်) ၂၀၀၄၅၀ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/5556 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးဝင်း ၉/ညဥန (နိုင်)၁၁၂၃၈၈မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/12982, New Zhineng–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းတင် ၉/မရတ(နိုင်) ၀၁၂၀၀၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/55559, Honda Wave Alpha, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံမင်း ၉/တတဥ(နိုင်) ၁၃၈၁၁၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ် (၃၀၊ ရှမ်းစုအရှေ့ရပ်)၊ ဦးပိုင်အမှတ် (၅၆)၊ မြေဧရိယာ (၀.၁၅၅) ဧကကို မူလကဦးဂျွန်ရိန်၊ဒေါ်ခေါန်လွန်းတို့(၂)ဦးအမည်ဖြင့် (၂၃–၄–၂၀၂၇) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ မူလဂရန်အမည်ပေါက်သူ ဦးဂျွန်ရိန် သည် (၁၄–၁၂–၂၀၁၃)ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ပြီး၊ ကွယ်လွန်သူခင်ပွန်း ဦးဂျွန်ရိန် အမည်လျော့ပြီး သားဦးဆိုင်းနော်အမည်ဖြည့်စွက်၍ ဒေါ်လဆန်ခေါန်လွမ်းပါ (၂) ဦးအမည်ဖြင့် အမည်လျှော့၊ အမည်ဖြည့်စွက် မြေငှါးဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာ ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များ နှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၂–၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၆၇)၊ မြေဧရိယာ (၀.၁၈၄) ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်ပုအမည်ဖြင့် (၁၈–၁၀–၂၀၁၄) ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ (၁၀–၁၁–၂၀၂၅) ရက်စွဲပါတရားရုံး၏ ဒီကရီအရ ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ် (၄၁၇/ ၂၀၂၅)ဖြင့် ဒေါ်ခင်ပုထံမှ ဒေါ်ရွှေအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ရွှေ ၁/ဝမန(နိုင်)၀၇၂၈၈၀ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊နဝရတ်ကိုးသွယ်လမ်း၊မြေကွက်အမှတ်(၉၄၄/က)၊အကျယ်အဝန်း(၂၀ပေ × ၆၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)ဂရန်အမည်ပေါက် ဒေါ်နှင်းဖြူဖြူ ( ၇/ပခန(နိုင်)၂၁၇၉၁၀ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးရဲထက် ( ၁၂/ဒဂမ(နိုင်) ၀၄၃၉၃၀)က ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးထိန်လင်းသန်း**
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)

**ဒေါ်ပြည့်ပြည့်ဖြိုး**
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဖုန်း:– 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၉၊ မြေကွက်အမှတ်– ၁၀၃၇/ခ၊ ဧရိယာ (၃၀ ပေ x ၆၀ ပေ) မြေကွက်တည်နေရာအမှတ် ၁၀၃၇/ခ၊ နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးပိုက် (SL–၀၄၄၇၂၇) အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဦးပိုက်(ဖခင်)နှင့် မိခင်တို့ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်– ၃၀၂/၂၀၁၇(၁၄–၂–၂၀၁၇) ဖြင့် ပိုင်ဆိုင်သူ ဒေါ်သန်းငွေး ၁၂/သကတ(နိုင်)၀၂၃၄၃၇၊ ဒေါ်မြင့်မြင့်သန်း ၁၂/သကတ(နိုင်) ၀၂၅၅၄၁၊ ဦးရွှေမန်း ၁၂/သကတ(နိုင်)၀၂၃၉၉၄၊ ဦးဝင်းခိုင် ၁၂/သကတ(နိုင်) ၁၁၃၀၀၃၊ ဒေါ်ခင်မေသန်း ၁၂/သကတ(နိုင်)၁၃၈၀၃၀၊ ဒေါ်တင်တင်အေး ၁၂/ရကန(နိုင်)၀၃၆၈၄၈ တို့အနက် ဒေါ်မြင့်မြင့်သန်း၊ ဦးရွှေမန်း၊ ဦးဝင်းခိုင်၊ ဒေါ်ခင်မေသန်း၊ ဒေါ်တင်တင်အေးတို့ထံမှ မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသည့် ခြေရင်းခြမ်း၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)၊ (၁၂၀၀) စတုရန်းပေနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး စွန့်လွှတ်စာချုပ်အမှတ်– ၃၀၄/၂၀၁၇(၁၄–၂–၂၀၁၇)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်သန်းငွေးနှင့် ကျန်ပိုင်ဆိုင်သူများဖြစ်သူ ဒေါ်မြင့်မြင့်သန်း၊ ဦးရွှေမန်း၊ ဦးဝင်းခိုင်၊ ဒေါ်ခင်မေသန်း၊ ဒေါ်တင်တင်အေးတို့မှ ပူးတွဲ၍ ပိုင်ဆိုင်စာချုပ်(မိတ္တူမှန်)၊ စွန့်လွှတ်စာချုပ်(မိတ္တူမှန်)၊ ဂရန်၊ နိုင်ငံသားစစ်ရေးကတ်တို့တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ် (၁/ ကျောင်းရှေ့ရပ်) ၊ ဦးပိုင်အမှတ် ( ၅၉ ၊ ၆၀ ) ၊ မြေဧရိယာ ၀ ဒသမ ၀၈၉ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကြည်ဝင်း ပါ (၄) ဦး ၉/မမန (နိုင်)၀၂၄၁၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၅/ပဒေသာ)၊ ဦးပိုင်အမှတ် (၄၇)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ခင်စန်းလွင် ၉/ကဆန(နိုင်)၀၉၈၄၁၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိမင်္ဂလာအိမ်ရာ၊ Condo(2)၊ အခန်း (4B)၊ မူလပိုင်ရှင် (Owner Book) အမည်ပေါက် ဦးအောင်လွင်အေး ၉/မနမ(နိုင်) ၀၉၈၈၂၇ ထံမှ စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူဖြစ်သည့် ဒေါ်အေးအေးသက် ၉/မနတ(နိုင်) ၀၁၁၀၁၂ နှင့် ဒေါ်အေးအေးသန့် ၉/မနတ(နိုင်)၀၁၁၀၁၃ အမည်ဖြင့် ပြောင်းလဲ၍ ပိုင်ဆိုင်မှုစာအုပ်(Owner Book)အား ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ လျှောက်ထားလာသည့်အတွက် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/2449 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်သန်း ၃/ကကရ(နိုင်)၀၄၀၁၄၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/6432 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်းတင် ၁၀/ခဆန(နိုင်) ၀၀၇၁၃၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖခင်အမည်တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဆင်းသီရိ (၃) လမ်းနေ မောင်ဝင်းထွဋ် ဇော် ၁၄/ပသန(နိုင်)၃၁၀၀၀၂ ၏ ဖခင်အမည် ဦးကိုကိုနိုင် (ခ) ဦးသိန်းစိုးအောင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း၊ မိခင်အမည်မှာ ဒေါ်ရီရီဝင်း ဖြစ်ပါကြောင်း။

**ဦးကိုကိုနိုင်(ခ)ဦးသိန်းစိုးအောင်**
**ဒေါ်ရီရီဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/27442, Yamaha Fino ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဖြိုး ၉/ခမစ(နိုင်)၀၅၂၄၁၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/27777, Yamaha QBIX 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိရွှေဇင် ၉/ပဥလ(နိုင်) ၀၈၄၂၃၀ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ် (၁၃/ညံတောအရှေ့ရပ်)၊ ဦးပိုင်အမှတ် (၄၈–က)၊ မြေဧရိယာ (၀ ဒသမ ၀၁၄) ဧကရှိ မြေအား ဦးမြင့်နိုင်ဦး ပါ (၂) ဦး အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ် (၁၃–က/ညံကွဲရပ်)၊ ဦးပိုင်အမှတ် (၁၀/က)၊ မြေ ဧရိယာ (၀ ဒသမ ၀၆၉) ဧကရှိ မြေအား ဒေါ်ယန်ဖို (ခ)ကြည်ကြည် အမည်ဖြင့် သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

စာအုပ် စာပေ
လူ့မိတ်ဆွေ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# သမဝါယမဦးစီးဌာန
# နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန အဆင့်ဆင့် (ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံး၊ မြို့နယ်ရုံး၊ သင်တန်းကျောင်း) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၉၆) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ) |
| (ခ) | ယာဉ်မောင်း(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၄) | အခြေခံပညာမူလတန်း အဆင့်ရှိသူ (ယာဉ်မောင်း"ခ"လိုင်စင်ရှိပြီး ယာဉ်ကိုကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ) |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁၂) | သမဝါယမဦးစီးဌာနအတွက် လျှောက်ထားသူများမှာအခြေခံ ပညာအထက်တန်းအောင်နှင့် အထက်ရှိသူ၊သင်တန်းကျောင်း အတွက်လျှောက်ထားသူများမှာ အခြေခံပညာ အလယ်တန်း အောင်မြင်သူ |
| (ဃ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၅) | အခြေခံပညာမူလတန်း အဆင့်ရှိသူ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁-၁-၂၀၂၆)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၄၀) နှစ်ထက်မကျော် လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူတင်ပြရမည်ဖြစ်ပြီး အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)ခံရသူများအနေဖြင့် လျှောက်ထားခွင့်မရှိပါ။

(စ) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့်နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် ထည့်သွင်းဖော်ပြရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုး၍) ပူးတွဲတင်ပြရမည် -

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မိတ္တူ၊ ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ ယာဉ်မောင်း-၅ ရာထူးအတွက် သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၏ ထောက်ခံချက် လက်မှတ်မိတ္တူ နှင့် ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အစောင့်ရာထူးအတွက် သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ

(င) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံ ကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေး သားရန်)

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ကိုယ်တိုင်ကတိဝန်ခံချက်၊

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သက်တမ်းတိုးပြီး)

(ဈ) ကျန်းမာကြောင်းဆေးထောက်ခံစာ [လွန်ခဲ့သော (၁)ပတ်အတွင်း]

(ည) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်း ဆောင်ပါမည်နှင့် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိ

၄။ လျှောက်လွှာကို သမဝါယမဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနရုံးများသို့ (၁၁-၂-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက် ထက်ကျော်လွန်သော၊ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာန အကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် သမဝါယမ ဦးစီးဌာန(ရုံးချုပ်)သို့ (၁၁-၂-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။ [ **ကြိုတင်လျှောက်လွှာ (၁) စောင်ကို ရေးဖြေဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။** ]

၆။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲကို ၎င်းတို့လျှောက်လွှာ ပေးပို့ခဲ့သည့် သမဝါယမဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနရုံးများတွင် ဖြေဆိုရမည် ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားကို (၁၉-၂-၂၀၂၆) ရက်နေ့မှ (၂၀-၂-၂၀၂၆) ရက်နေ့ထိ ရုံးချိန်အတွင်း ထုတ်ပေးမည် ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို (၂၃-၂-၂၀၂၆) ရက်နေ့တွင် (၀၉:၀၀)နာရီမှ (၁၁:၀၀) နာရီထိ မြန်မာစာနှင့် (၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ အင်္ဂလိပ်စာဘာသာ ရပ်ကိုလည်းကောင်း၊ (၂၄-၂-၂၀၂၆) ရက်နေ့တွင် (၀၉:၀၀)နာရီမှ (၁၁:၀၀) နာရီထိ သုတရေးရာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ ရုံးအကူ/အစောင့်ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းကို (၂၆-၂-၂၀၂၆) ရက်နေ့တွင် လည်းကောင်း၊ ယာဉ်မောင်း-၅ ရာထူးအတွက် ယာဉ်မောင်းကျွမ်း ကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့ စစ်ဆေးခြင်းကို (၂၇-၂-၂၀၂၆)ရက်နေ့တွင်လည်း ကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများ သည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားလာရောက်ထုတ်ယူ ချိန်နှင့်ကျန်ရာထူးများအတွက် လက်တွေ့နှင့်လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန် သတင်းပေးပို့ချိန်တွင် လျှောက်လွှာနှင့် ပူးတွဲတင်ပြခဲ့သည့် အထောက်အထား မူရင်းများ ကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ်သိရှိလိုပါက သမဝါယမဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၁၆)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၀၃၃၆)၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာန ရုံးများနှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သမဝါယမဦးစီးဌာန(ရုံးချုပ်)**

## ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အဖြစ် အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါး ပြိုင်ပွဲကို **"ရေကဏ္ဍစုံ ဖွံ့ဖြိုးဖို့ ကျားမတန်းတူပါဝင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ဆောင်းပါးကို ရေ၏အရေးပါမှု၊ ရေအရင်းအမြစ်များ ရေရှည် တည်တံ့ရေးနှင့် ရေကဏ္ဍများတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်စေရေးတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် -

(က) **အလွတ်တန်းအဆင့်ပြိုင်ပွဲ** (အသက် ၃၀ နှစ်နှင့် အထက် )

(ခ) **ဝါသနာရှင်အဆင့်ပြိုင်ပွဲ** (အသက်၁၄နှစ်မှ၂၉ နှစ်အတွင်း) ဟူ၍ ကျင်းပသွားမည်ဖြစ်ပါသည်။

အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ် ပါသည်-

(၁) ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆောင်းပါး (၁) ပုဒ်သာ ပေးပို့ယှဉ်ပြိုင်ရမည်။

(၂) ပြိုင်ပွဲဝင်ဆောင်းပါးများကို အလွတ်တန်းအဆင့်တွင် A4 စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှအများဆုံး ၇ မျက်နှာအထိနှင့် ဝါသနာရှင်အဆင့် တွင် A4 စာမျက်နှာ အနည်းဆုံး ၄ မျက်နှာမှ အများဆုံး ၆ မျက်နှာအထိ ဖြစ်ရမည်။

(၃) ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၃ (Font Size 13)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၂ (Line Spacing 1.2)၊ စာရွက် ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်။

(၅) အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထား သော မူရင်းဖြစ်ရမည်။

(၆) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ် စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ် ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်း တို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/Soft Copy) တစ်စုံစီ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ နိုင်ငံသား စိစစ်ရေးကဒ်ပြားအမှတ်၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ ၂ ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ၊ email တို့နှင့်အတူ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၀၀) အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့ (တယ်လီဖုန်းအမှတ် ၊ ၀၉-၂၅၄၂၉၀၂၀၆၊ ၀၉-၇၉၄၀၈၆၉၇၆၊ အီးမေးလ် research.dwir@gmail.com ၊ sawsandawin @gmail.com) တို့သို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာ (၃) မိုင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ အင်ကြင်းလမ်း၊ ကွင်းအမှတ် (၅၅၆)၊ ဖလံတောကွင်း၊ ဦးပိုင် အမှတ် (၄၆၆၂)၊ ဧရိယာ (၀. ၀၅၅) ဧကရှိ မြေကွက်အား (ဘ)ဦးသန်းမြင့်၏ သမီးဖြစ်သူ ၁၄/ပသရ(နိုင်)၀၀၀၇၄၉ ကျွန်မ ဒေါ်အိအိဝင်းအမည်ဖြင့် ထုတ်ပေးထားခဲ့ပါသည်။ ထိုသို့ ထုတ်ပေးထားခဲ့သော ဒေါ်အိအိဝင်းအမည် ပေါက် မြေပေးမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာ ဖြင့် ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(Advocate)(စဉ်-၈၆၁၉)(၂၀-၁၂-၂၀၁၂)**
**တိုက်အမှတ်(၁၅)၊ ရွှေဘိုတပ်အပြင်လမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၉- ၇၉၆၈၄၅၈၆၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ(၀.၁၁၀ဧက)ရှိ မြေကွက်အမှတ် (ပ-၂၁၉၂၈) ကို အမည်ပေါက် ဒေါ်ခင်နှင်းနိုင်(ဘ)ဦးကံဟွာ ၁၂/လမတ(နိုင်) ၀၀၄၁၂၀ မှ ဒေါ်ခင်နွယ်(ဘ)ဦးလှအောင် ၁/မကတ(နိုင်)၀၈၀၄၁၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၁/အောင်ချမ်းသာ (အောင်ဇမ္ဗူ) ရှိ မြေကွက်အမှတ် (၁၄၇)၊ ဧရိယာ(၀.၁၁၉) ဧကအား အမည်ပေါက် ဦးအေးသိန်း(ဘ)ဦးထွန်းရှင် ၁၂/ဗတထ(နိုင်) ၀၁၁၂၁၃ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# အခြေခံကျန်းမာရေးတက္ကသိုလ်
# မကွေးမြို့
## (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည် -

(က) အစမ်းလေ့ကျင့်မည့်ရက် - ၂၀-၂-၂၀၂၆(သောကြာနေ့) နံနက်ပိုင်း

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - ၂၁-၂-၂၀၂၆ (စနေနေ့) နံနက်ပိုင်း

၂။ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည် -

(က) စတုတ္ထနှစ်၊ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(၁/၂၀၂၄)(ထပ်ကျော့)သင်တန်း (နောက်ဆက်တွဲ) ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူ

